# မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေး
# မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ
## ဒီဇင်ဘာလ၊ ၂၀၂၄ ခုနှစ်



Includes Cluster Munition Monitor 2024

# LANDMINE & CLUSTER MUNITION MONITOR

ငြိမ်းချမ်းရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ပြီး ရန်လိုမှုများ ရပ်စဲနိုင်သော်လည်း မြေမြှုပ်မိုင်းများနှင့် စစ်ပွဲအတွင်း ပေါက်ကွဲစေတတ်သော အကြွင်းအကျန်များ (ERW) သည် ပဋိပက္ခ၏ ရေရှည်တည်တံ့နေမည့် အမွေအနှစ်တစ်ခုဖြစ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ICBL-CMC အတွက် သုတေသနလုပ်ငန်းများပံ့ပိုးပေးသော လူထုအခြေပြုအားထုတ်မှု တစ်ခုဖြစ်သည်။ ၁၉၉၉ ခုနှစ် နှင့် ၂၀၁၀ ခုနှစ်များမှစ၍ ကမ္ဘာအဝှမ်း မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ ပြဿနာနှင့် အဖြေများကို အစီရင်ခံလာခဲ့သည်။

Monitor အဖွဲ့သည် မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ရေးသဘောတူစာချုပ်နှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ သဘောတူစာချုပ်၏ အဓိက စောင့်ကြည့်လေ့လာရေး ယန္တရား တစ်ခုဖြစ်လာပြီး များစွာသော အလားတူ အခြေအနေများတွင် အသုံးပြုလာနိုင်သည့် လူထုအခြေပြု စစ်ဆေးရေးလုပ်ငန်း သဘောတရားတစ်ခု၏ တောက်ပသော သာဓက တစ်ခုလည်း ဖြစ်လာသည်။

ကမ္ဘာတစ်ဝှမ်းမှ လူပုဂ္ဂိုလ်များ၊ လှုံ့ဆော်မှုများနှင့် အဖွဲ့အစည်းများ၏ ကျယ်ပြန့်သောကွန်ရက်များသည် Monitor ၏ ကမ္ဘာလုံးဆိုင်ရာ သုတေသနလုပ်ငန်းကို အထောက်အကူပြုသည်။ Monitor သည် တစ်ကမ္ဘာလုံးအတွက် အကျိုးရှိစေရန် ၎င်းစောင့်ကြည့်လေ့လာသည့်အကြောင်းအရာနှင့်ပတ်သက်သော အချက်အလက်အမှန်များကို စိတ်ထားမှန်ကန်စွာ ပံ့ပိုးပေးသည်။ ၎င်းသည် အရေးကြီးသောအချက်ဖြစ်ပြီး ၎င်း၏ မှတ်တမ်းတင်မှုနှင့် ခွဲခြမ်းစိတ်ဖြာမှု လုပ်ငန်းများ အတွက်ပါ အပြုသဘောဆောင်သည်။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည်  သဘောတူစာချုပ်ဆိုင်ရာ နည်းပညာ အတည်ပြုစနစ် သို့မဟုတ် တရားဝင် စစ်ဆေးရေးယန္တရားတစ်ခု မဟုတ်ပေ။ ၎င်းသည် စာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံများ၏ အစီရင်ခံမှု လိုအပ်ချက်များကို ဖြည့်စွက်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အစီရင်ခံစာများသည် မြေမြှုပ်မိုင်းအကျပ်အတည်း၏အခြေအနေနှင့် စာချုပ် အဖွဲ့ဝင်မဟုတ်သော နိုင်ငံများအတွင်း အစိုးရမူဝါဒများ သို့မဟုတ် အလေ့အကျင့်များကို ပွင့်လင်းမြင်သာမှုရှိစေရန် ကြိုးပမ်းခြင်းဖြစ်သည်။

Monitor သည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများကြောင့် ဖြစ်ပွားသည့် ဘေးဒုက္ခများကို ချုပ်ငြိမ်းစေရန်နှင့်မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများ ကင်းစင်သောကမ္ဘာကို ထူထောင်နိုင်ရန် လူ့အသိုင်းအဝိုင်းအတွင်း ဆွေးနွေးမှုများ မြှင့်တင်ရန်နှင့် လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပါသည်။

၂၀၂၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ ယခုအစီရင်ခံစာတွင် မနှစ်အစီရင်ခံစာတွင်ပါဝင်သည့် ထိခိုက် ဒဏ်ရာရမှုနှင့် အထောက်အပံ့ အခန်းမှလွဲ၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ သတင်းအချက်အလက်များ ထည့်သွင်းထားသည်။ နှစ်စဉ် အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်းအားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား Monitor က ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီမှုများကိုလည်း အထူးအသိအမှတ်ပြုပါသည်။

အကြောင်းအရာများနှင့်ပတ်သက်၍ မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေးကြရန်အတွက်လည်း မိမိတို့ တောင်းဆိုပါသည်။ burma@icblcmc.org သို့ဆက်သွယ်နိုင်ပါသည်။  အစီရင်ခံစာပါ သတင်း အချက်အလက်များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

ဤနိုင်ငံအစီရင်ခံစာကို MineFreeMyanmar.info မှ ရိုက်နှိပ်ထုတ်ဝေပြီး PDF မိတ္တူများကို အင်တာနက်စာမျက်နှာတွင် ရရှိနိုင်ပါသည်။

မျက်နှာဖုံးဓါတ်ပုံ။ မြှုပ်မိုင်းကင်းကွာပြည်မြန်မာ။ (Mine Free Myanmar) မှ ကြီးမှူးကျင်းပသော မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းသက်ရောက်မှုဆိုင်ရာ ၂၀၂၄ ခုနှစ် နိုင်ငံလုံးဆိုင်ရာ မီဒီယာအနုပညာပြိုင်ပွဲမှ အနုပညာလက်ရာ။

**မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့**

**www.the-monitor.org ၊ www.burma.icbl.org**

**ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး မြန်မာနိုင်ငံ အစီရင်ခံစာ။ ဒီဇင်ဘာလ ၂၀၂၄ ခုနှစ်**


စာမျက်နှာ ၅ မူဝါဒ

စာမျက်နှာ ၆ ထုတ်လုပ်မှု၊ လွှဲပြောင်းပို့ဆောင်မှုနှင့် သိုလှောင်မှု

စာမျက်နှာ ၈ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း

စာမျက်နှာ ၈ အသုံးပြုမှု

စာမျက်နှာ ၈ မြန်မာတပ်မတော်၏ အသုံးပြုမှု

စာမျက်နှာ ၁၁ ရက်စက်ကြမ်းကြုတ်မှု/အဓမ္မစေခိုင်း မိုင်းရှင်းလင်းခြင်း

စာမျက်နှာ ၁၂ ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် မိုင်းအသုံးပြုမှု

စာမျက်နှာ ၁၂ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု

စာမျက်နှာ ၁၄ မည်သူမည်ဝါမှန်းမသိသော မိုင်းအသုံးပြုမှုအသစ်များ

စာမျက်နှာ ၁၆ သက်ရောက်မှုများကို လေ့လာအကဲဖြတ်ခြင်း<br>ထိခိုက်ဒဏ်ရာရမှုများ

စာမျက်နှာ ၁၆ သက်ရောက်မှုများကို လေ့လာအကဲဖြတ်ခြင်း<br>ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးရမှုများ

စာမျက်နှာ ၁၇ သက်ရောက်မှုများကို လေ့လာအကဲဖြတ်ခြင်း<br>ပြန့်နှံ့မှု

စာမျက်နှာ ၁၈ သက်ရောက်မှုများကို လေ့လာအကဲဖြတ်ခြင်း<br>သက်ရောက်မှုများကို ဖြေရှင်းခြင်း

စာမျက်နှာ ၂၀ သက်ရောက်မှုများကို လေ့လာအကဲဖြတ်ခြင်း<br>မိုင်းအန္တရာယ်ပညာပေးလုပ်ငန်း

စာမျက်နှာ ၂၁ သက်ရောက်မှုများကို လေ့လာအကဲဖြတ်ခြင်း<br>မိုင်းသင့်ပြည်သူအကူအညီ

စာမျက်နှာ ၂၄ မြန်မာနိုင်ငံ

စာမျက်နှာ ၂၆ မိုင်းအရေးလှုပ်ရှားမှုအတွက် ငါးနှစ်တာ ကူညီထောက်ပံ့မှု

စာမျက်နှာ ၂၆ အကျဉ်းချုပ်

စာမျက်နှာ ၂၆ မူဝါဒ

စာမျက်နှာ ၂၇ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း

စာမျက်နှာ ၂၉ အသုံးပြုမှု

မြန်မာနိုင်ငံသည် မိုင်းတားဆီးပိတ်ပင်ရေး သဘောတူစာချုပ်တွင် ပါဝင်ရန် စိတ်ပါဝင်စားကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် စာချုပ်ကို မြှင့်တင်အားပေးသည့် နှစ်စဉ် ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) ဆုံးဖြတ်ချက်ကို ထောက်ခံမဲ ပေးခဲ့သော်လည်း မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းများကို ဆက်လက်ထုတ်လုပ် သုံးစွဲနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAGs) သည် လက်လုပ် တိုက်မိုင်းများအပါအဝင် လူသတ်မိုင်းများကို ထုတ်လုပ်၍ အသုံးပြုသည်။

၂၀၂၃ ခုနှစ် - ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်းအသစ်အသုံးပြုမှုများ သိသိသာသာ တိုးများလာခဲ့သည်။

## မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မိုင်းတားမြစ်ရေးပဋိညာဉ်ကို လက်ခံသဘောတူထားခြင်းမရှိပါ။[၁]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် အိမ်စောင့်အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။[၂] ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ရွေးကောက်ခံရသောလွှတ်တော်ကိုယ်စားလှယ်များက ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် အတိုက်အခံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အဝေးတစ်နေရတွင် ဖွဲ့စည်းခဲ့သည်။[၃] ၂၀၂၃ ခုနှစ်အတွင်း နှင့် ၂၀၂၄ ခုနှစ် ပထမနစ်ဝက် အတွင်း မြန်မာနိုင်ငံ၏ မည်သည့်အဖွဲ့အစည်းကမှ သဘောတူစာချုပ်သို့ သဘောတူ ဝင်ရောက်ခြင်း မရှိသေးပေ။

အာဏာမသိမ်းမီတွင် မြန်မာနိုင်ငံ တာဝန်ရှိသူများက မိုင်းအသုံးပြုမှုတားမြစ်ရေးပဋိညာဉ်ကို စိတ်ဝင်စားကြောင်းနှင့် ယင်း၏ လူသားချင်းစာနာမှုဆိုင်ရာပြဌာန်းချက်များအား ကြိုဆိုကြောင်းထုတ်ဖော်ကြားခဲ့ဖူးသည်။[၄] အနာဂတ်တွင် ပူးပေါင်းပါဝင်နိုင်မည့် အမြင်ဖြင့် ပဋိညာဉ်ကို လေ့လာလျက်ရှိကြောင်း မြန်မာနိုင်ငံက မကြာခဏဆိုသလို ထုတ်ဖော် ပြောကြားခဲ့သည်။[၅] ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံက ၎င်းအနေဖြင့် ပဋိညာဉ်၏လုပ်ငန်းများကို "ဂရုတစိုက်" လိုက်နာ ဆောင်ရွက်ကြောင်းနှင့် ပဋိညာဉ်သည် "လူသတ်မြေမြှုပ်မိုင်းများကြောင့်ဖြစ်သည့် လူသားများ ထိခိုက်နာကျင်မှု ဒုက္ခနှင့် အသက်ဆုံးရှုံးမှုများကို အဆုံးသတ်နိုင်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍ၌ ပါဝင်ကြောင်း" ပြောကြားခဲ့သည်။[၆]

---

၁။ ယခင်တပ်မတော်အစိုးရက နိုင်ငံအမည်ကို Burma မှ Myanmar သို့ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုး အများအပြားနှင့် အခြားနိုင်ငံများက ယခုထိ Burma ဟု ဆက်လက်ရည်ညွှန်းခေါ်ဆိုကြသည်။ နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအမည်များကို ဒေသဘာသာစကားဖြင့် အသီးသီး ခေါ်ဆိုကြသည်။ ဥပမာ- ကရင်နီ (ကယား) ပြည်နယ်၊ ၂၀၀၉ ခုနှစ်မှစ၍ စောင့်ကြည့်လေ့လာရေးအဖွဲ့က မြို့နယ်အမည်များကို ကမ္ဘာ့ကုလသမဂ္ဂ၊ မြန်မာနိုင်ငံဆိုင်ရာ သတင်း အချက်အလက်စီမံခန့်ခွဲရေးအဖွဲ့ (MIMU) ကသုံးသည့်အတိုင်း ခေါ်ဝေါ်သုံးစွဲပါသည်။ For more information, see the MIMU website.

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အိမ်စောင့်အစိုးရကို မြန်မာတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်ဖွဲ့စည်းခဲ့သည်။

၃။ NUG ကို ၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသော်လည်း တပ်မတော်က အာဏာသိမ်းမှုဖြင့် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းခြင်းခံရသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီအဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသည်။ NUG တွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူနည်းစု အများအပြားမှ ကိုယ်စားလှယ်များလည်း ရှိသည်။ ၂၀၂၁ ခုနှစ် မေလတွင် NUG သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ဟုသိကြသည့် နိုင်ငံအတွင်း၌ ပြည်သူ့စစ်များဖွဲ့စည်းခဲ့သည်။ ခုခံစစ် အဖွဲ့အစည်းအများအပြားသည် ကိုယ်ထူကိုယ်ထ အဖွဲ့အစည်းများဖြစ်ကြပြီး NUG နှင့် ၎င်းတို့၏ချိတ်ဆက်မှုများသည် ခိုင်မာမှုမရှိသေးပေ။

၄။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ယခင်မြန်မာနိုင်ငံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဝင်းမြတ်အေးက"မြန်မာနိုင်ငံအနေဖြင့် လူသတ်မိုင်းများကြောင့်ဖြစ်သည့် ထိခိုက်နာကျင်မှုဒုက္ခနှင့် အသက်ဆုံးရှုံးမှုကိုများကို အဆုံးသတ်ရန်၊ လူ့အသက်ကိုကယ်တင်ရန်နှင့် မျှော်လင့်ချက်နှင့် လူ့ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ရန်တို့အတွက် လူသတ်မိုင်းတားမြစ်ရေးပဋိညာဉ်၏ အရေးပါမှုကို အသိအမှတ်ပြုသည်။ လူသားအပေါ် ဘေးဒုက္ခ ကျရောက်မှုများကို လျှော့ချရာ၌ ပဋိညာဉ် စာချုပ်၏ ကမ္ဘာတစ်ဝန်း လွှမ်းခြုံနိုင်မှုက အဓိကကျသည်ကိုလည်း ကျွန်ုပ်တို့က ယုံကြည်သည်။ အနာဂတ်တွင် လူသတ်မိုင်း များအသုံးပြုမှုရပ်တန့်ရေး လုပ်ငန်းစဉ်အတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးက အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးလုပ်ငန်းဖြစ်သည်။" ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ သဘောထားထုတ်ပြန်ချက် (Statement of Myanmar) မိုင်းတားမြစ်ရေး ပဋိညာဉ်ဆိုင်ရာ စတုတ္ထ အကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်း စုံညီ အစည်းအဝေး၊ အော်စလိုမြို့၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်။

၅။ Myanmar Explanation of Vote on Resolution L.45, United Nations General Assembly (UNGA) First Committee, New York, 6 November 2019. UNGA, Official Records, A/C.1/74/PV25, p. 1. ယင်းသည် ယခင်နှစ်က ၎င်း၏ထုတ်ပြန်ချက်နှင့် မနီးယိုးစွဲတူညီသည်။ Myanmar Explanation of Vote on Resolution L.53/rev.1, 73rd Session, UNGA First Committee, Audio Record of 31st Meeting (at 19 mins.), New York, 8 November 2018. See also, Myanmar Explanation of Vote on Resolution L.40, 72nd Session, UNGA First Committee, New York, 31 October 2017. UNGA, Official Records, A/C.1/72/PV26, pp. 18–19 and 29.

၆။ Statement of Myanmar, မြန်မာနိုင်ငံ၏သဘောထားထုတ်ပြန်ချက်၊ အွန်လိုင်းမှကျင်းပသည့် ပဋိညာဉ်အဖွဲ့ဝင်နိုင်ငံများ၏ မိုင်းတားမြစ်ရေး ပဋိညာဉ်ဆိုင်ရာ ၁၈ ကြိမ်မြောက် အစည်း အဝေး၊ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်။

မိုင်းတားမြစ်ရေး ပဋိညာဉ်ကို အစပြုမွေးဖွားခဲ့သည့် ၁၉၉၆-၁၉၉၇ အော့တာဝါလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံ ပါဝင်ခဲ့ခြင်း မရှိပါ။ မြန်မာနိုင်ငံသည် သဘောတူစာချုပ်၏ အစည်းအဝေးတော်တော်များများတွင် လေ့လာသူအဖြစ် ပါဝင်ခဲ့သည်။[၇] ၂၀၁၉ခုနှစ်တွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်း စုံညီအစည်းအဝေးမှစ၍ သဘောတူ စာချုပ်နှစ်ပတ်လည် အစည်းအဝေးများစွာတွင် မြန်မာနိုင်ငံက လေ့လာသူ အဖြစ်ပါဝင် တက်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဂျနီဗာတွင် ကျင်းပခဲ့သည့် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ဆယ့်တကြိမ်မြောက် အစည်းအဝေးအပါအဝင်ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇွန်လ ဂျနီဗာတွင်ကျင်းပသည့် ကဏ္ဍစုံအစည်းအဝေးများသို့ လေ့လာသူအဖြစ် မြန်မာနိုင်ငံ ဂျနီဗာအခြေစိုက် သံရုံးဝန်ထမ်းများ တက်ရောက်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလတွင် မိုင်းတားမြစ်ရေးပဋိညာဉ်ကို ကမ္ဘာတစ်ဝန်း လွှမ်းခြုံနိုင်ရေးမြှင့်တင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သည်။ ၁၉၉၇ ခုနှစ် နှင့် ၂၀၂၂ ခုနှစ်အကြား မြန်မာနိုင်ငံသည် ပဋိညာဉ်ကိုမြှင့်တင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ၏ နှစ်ပတ်လည်ဆုံးဖြတ်ချက်များတွင် မဲမပေးပဲနေခဲ့သည်။[၈] မြန်မာနိုင်ငံသည် မည်သည့်အကြောင်းကြောင့် မဲပြောင်းလဲပေးခဲ့ခြင်းနှင့်ပတ်သက်၍ တစုံတရာ ရှင်းလင်းပြောကြားခြင်း မရှိ ပေ။

လူမှုအသိုင်းအဝန်းအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာနိုင်ငံမိုင်းကင်းစင်ရေးလှုပ်ရှားမှုက ၂၀၂၃ ခုနှစ် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး မြန်မာဘာသာပြန် ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် သတင်းစာ ရှင်းလင်းပွဲတစ်ခု ကျင်းပ၍ ထုတ်ဝေခဲ့သည်။[၉] ၂၀၂၄ ခုနှစ် မတ်လတွင် ချင်းမိုင်တက္ကသိုလ်အတွင်း မြန်မာနိုင်ငံ မိုင်းသင့်ဒေသသများမှ အနုပညာရှင်များ၏ အနုပညာပစ္စည်းများကိုလည်း ခင်းကျင်းပြသခဲ့သည်။[၁၀] ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (MIMU) မှ မိုင်းဒဏ်သင့်ဒေသများနှင့် မိုင်းသတ်ရောက်မှု အသေးစိတ်ဖော်ပြထားသည့် မြေပုံအချက်အလက်များကို ထုတ်ပြန်ခဲ့သည်။[၁၁]

မိုင်းတားမြစ်ရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ဆယ်တစ်ကြိမ်မြောက်အစည်းဝေးတွင် အပြည်ပြည်ဆိုင်ရာ မြေမြှုပ်မိုင်းများတားဆီးရေးလှုပ်ရှားမှု (ICBL) က မြန်မာနိုင်ငံတွင် လူသတ်မိုင်းအသုံးပြုမှုအသစ်ကို ရှုတ်ချခဲ့ပြီး ယင်းအသုံးပြုမှုကို ပြင်းထန်စွာ ရှုတ်ချရန် အစိုးရအားလုံးကို တောင်းဆိုခဲ့သည်။[၁၂]

## ထုတ်လုပ်မှု၊ လွှဲပြောင်းပို့ဆောင်မှုနှင့် သိုလှောင်မှု

မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် လည်ပတ်သော ကပစ ခေါ် နိုင်ငံပိုင် မြန်မာ့ကာကွယ်ရေးနှင့် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများသည် လူသတ်မြေမြှုပ်မိုင်း အနည်းဆုံး ၅ မျိုးဖြစ်သည့် MM1 ၊ MM2 ၊ MM3 ၊ MM5 နှင့် MM6 တို့ကိုထုတ်

---

၇။ မြန်မာနိုင်ငံသည် ယခင်က ပဋိညာဉ်အဖွဲ့ဝင် နိုင်ငံများ၏ ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ် အစည်းအဝေးများကို တက်ရောက်ခဲ့သည်။ ၂၀၀၄၊ ၂၀၀၉ နှင့် ၂၀၁၄ ခုနှစ်များတွင် ပြန်လည်သုံးသပ်ခြင်းစုံညီအစည်းအဝေးများကို ပါဝင်တက်ရောက်ခဲ့ခြင်းမရှိပါ။ ဂျီနီဗာတွင် ကျင်းပသည့် ၂၀၁၃-၂၀၁၄၊ ၂၀၁၆၊ ၂၀၁၉ နှင့် ၂၀၂၂ ခုနှစ် ကဏ္ဍစုံအစည်းအဝေးများကို မြန်မာနိုင်ငံအနေဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

၈။ "Implementation of the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction," UNGA Resolution, 77/63, 7 December 2022. ၁၉၉၆ခုနှစ်တွင် လူသတ် မြေမြှုပ်မိုင်းများတားမြစ်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်ရရှိရန် အစိုးရများအား တိုက်တွန်းသော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သည်။

၉။ မြန်မာနိုင်ငံမိုင်းကင်းစင်ရေးလှုပ်ရှားမှုသည် ကနဦးတွင် Burma/Myanmar မိုင်းအသုံးပြုမှုရပ်တန့်ရေးအဖြစ် လူသိများခဲ့သည်။ See, Mine-Free Myanmar website.

၁၀။ ပြပွဲတွင် ချင်း၊ ကရင်၊ မွန်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတိုအပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းrS "ကျွန်ုပ်တို့ လူမှုအသိုင်းအဝန်းအပေါ် မြေမြှုပ်မိုင်းများ၏ သက်ရောက်မှု" ခေါင်းစဉ်ဖြင့် အနုပညာလက်ရာများကို ပြသထားသည်။ အနုပညာလက်ရာများတွင် မြန်မာ၊ ကရင်နှင့် အင်္ဂလိပ်ဘာသာဖြင့် တင်ပြချက်များ ပါဝင်သည်။ အဆိုပါပြိုင်ပွဲကို မြေမြှုပ်မိုင်း တားဆီးရေး နိုင်ငံတကာ လှုပ်ရှားမှု၏ ထောက်ပံ့ငွေဖြင့် ပံ့ပိုးခဲ့သည်။ Mine Free Myanmar ကိုကြည့်ပါ၊ "Art Competition: Impact of mines on my community," 15 December 2023.၁၁။ MIMU, "Townships with Suspected Land mine/ERW Contamination (1999–2022) and Landmine/ERW Casualties in Myanmar (2021)," ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ။ ၎င်းသတင်းရုပ်ပုံသည် ၎င်းတို့၏ ထုတ်လုပ်မှုများတွင် တောင်းဆိုမှုအများဆုံးဖြစ်ကြောင်း MIMU ကဆိုပါသည်။

၁၁။ MIMU, "Townships with Suspected Landmine/ERW Contamination (1999–2024) and Landmine/ERW Casualties in Myanmar (2023), " November 2023. ၎င်းတို့၏ထုတ်လုပ်မှုများတွင် ဤသတင်းရုပ်ပုံသည် တောင်းဆိုမှုအများဆုံးဖြစ်ကြောင်း MIMU ကဆိုပါသည်။

၁၂။ Statement of the ICBL, Mine Ban Treaty Twenty-First Meeting of States Parties, Geneva, 24 November 2023.

လုပ်သည်။[၁၃] ၎င်းလူသတ်မိုင်းများကို မြန်မာ့တပ်မတော်က အသုံးပြုရန် ဆက်လက်ထုတ်နေဆဲ ဖြစ်သည်။[၁၄]

၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAGs) က နိုင်ငံပိုင် ကပစ ထုတ် ရှေ့တန်းရောက် တပ်မတော်တပ်ဖွဲ့များထံမှ ၎င်းတို့ သိမ်းဆည်း၊ ဖမ်းဆီး သို့မဟုတ် တူးဖော် ရရှိခဲ့သည့် လူသတ်မြေမြှုပ်မိုင်း ဓါတ်ပုံများကို ဆက်လက် ထုတ်ဖော်ပြသခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ် မိုင်းမိတ်မြို့နယ်တွင် ဖမ်းဆီးရမိသည့် MM1 နှင့် MM6 မိုင်းများကို တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က ပြသခဲ့သည်။[၁၅] ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင်လည်း ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ဖမ်းဆီးရမိသည့် MM2 နှင့် MM6 မိုင်းများကို အာရက္ခတပ်တော် (AA) က ပြသခဲ့သည်။[၁၆] ၂၀၂၄ ခုနှစ် မတ်လတွင် AA က ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တော မြို့နယ်များတွင် MM2 မိုင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။[၁၇] ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အတွင်း တပ်မတော်မော်တော်ယာဉ်များမှ သိမ်းဆည်းရမိသည့် MM1 နှင့် MM2 မိုင်း ရာပေါင်းများစွာကို ပြသခဲ့သည်။[၁၈] ၂၀၂၄ ခုနှစ် မတ်လတွင် ကော်သူးလေတပ်မတော် (KTLA) က တနင်္သာရီတိုင်း ဒေသကြီး ဘော်ပြင်မြို့နယ်တွင် ဖမ်းဆီးရမိသည့် MM1 မိုင်းများကို ပြသခဲ့သည်။[၁၉]

၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များသည် ရှမ်းပြည်နယ် မိုင်းကိုင်မြို့နယ်ရှိ မြန်မာ့တပ်မတော် ကင်းစခန်းတစ်ခုမှ MM2 နှင့် MM6 မိုင်းများကို ဖော်ယူရရှိခဲ့သည်။[၂၀] ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ကရင်နီအဖွဲ့ တစ်ဖွဲ့က ကယားပြည်နယ် မူဆယ်မြို့နယ်တွင် ဖမ်းဆီးရမိသည့် MM6 မိုင်းများကို ပြသခဲ့သည်။[၂၁]

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ တစ်လတည်းတွင်ပင် စစ်အစိုးရထံမှ လူသတ်မိုင်းများ ဖော်ယူရရှိခဲ့သည့် အစီရင်ခံစာ အနည်းဆုံး ငါးခုရှိခဲ့သည်။ ချင်းလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့သည် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း ဖမ်းဆီးရမိသည့် MM1၊ MM2 နှင့် MM6 မိုင်းများကို ထုတ်ဖော် ပြသခဲ့သည်။[၂၂] TNLA သည် ရှမ်းပြည်နယ် နမ္မတူ မြို့နယ်အတွင်းMM6 မိုင်းအသစ်များ သေတ္တာလိုက် သိမ်းဆီးရရှိခဲ့သည်။[၂၃] KNLA နှင့် တခြား စစ်အာဏာရှင်ဆန့်ကျင်ရေးအဖွဲ့နှစ်ဖွဲ့သည် ကရင်ပြည်နယ် သံတောင်ကြီး မြို့နယ်အတွင်း သိမ်းဆည်းရရှိခဲ့သည့် MMI, MM2 နှင့် MM6 မိုင်းများ ထုတ်ဖော်ပြသခဲ့သည်။[၂၄] မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ဒေသအတွင်း သိမ်းဆည်းရရှိသည့် MM2 မိုင်းများ ထုတ်ဖော်ပြသခဲ့သည်။[၂၅] TNLA သည် ရှမ်းပြည်နယ် ကျောက်မဲ နှင့် နမ္မတူမြို့နယ်များအတွင်း သိမ်းဆည်းရရှိခဲ့သည့် MM2 နှင့် MM6 မိုင်းများ ပြသခဲ့သည်။[၂၆]

---

၁၃။ MM1 သည် တရုတ်ထုတ် ၅၉ အမျိုးအစား တိုက်မိုင်းကို ပုံစံယူထုတ်လုပ်သည်။ MM2 သည် တရုတ်ထုတ် ၅၈ အမျိုးအစား ဖောက်ခွဲမိုင်းနှင့် ဆင်တူသည်။ MM3 သည် ခုန်ထွက်မိုင်း၊ MM5 သည်ရှေ့ထွက်မိုင်း၊ MM6 သည် အမေရိကန်ထုတ် သတ္တုပါဝင်မှုနည်းသည့် M14 အမျိုးအစား လူသတ်မိုင်းကို ပုံစံယူထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယာဉ်ဖျက်မိုင်းဖြစ်သော MM4 ကိုလည်း ထုတ်လုပ်သည်။

၁၄။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်ရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း တစ်ဖွဲ့က ၂၀၁၈ ခုနှစ်အတွင်း ကပစက ထုတ်လုပ်ခဲ့သည့် အမှတ်အသားများပါသော MM2 လူသတ်မိုင်း ဓါတ်ပုံများကို ဖော်ထုတ်ပြသခဲ့သည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏ Facebook စာမျက်နှာတွင် အဆိုပါ စွတ်စွဲချက်နှင့် ဓါတ်ပုံများ ဖော်ပြခဲ့သည်။ See Facebook post by Tai Freedom, 3 December 2019. See also, Tai Freedom website.

၁၅။ Facebook post by Maung Media, 5 January 2024.

၁၆။ Facebook post by Dawei Watch, 14 January 2024; and Facebook post by Narinjara News, 18 January 2024.

၁၇။ Arakan Army, "Arakan Army Battle News," 8 March 2024.

၁၈။ "Revolutionary troops retrieve weapons from military council vehicles in eastern Dawei forest," The Tanintharyi Times, 23 February 2024.

၁၉။ Facebook post by Dawei Watch, 26 March 2024.

၂၀။ Facebook post by People's Spring, 26 August 2023. ၂၀၂၁ ခုနှစ် မေလတွင် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) ဟု လူသိများသော စစ်အုပ်စုဆန့်ကျင်တိုက်ခိုက်သည့် ပြည်သူ့စစ်များ ဖွဲ့စည်းခြင်းကို အားပေးခဲ့သည်။ ၎င်း အဖွဲ့အစည်းအများစုသည် ၎င်းကိုယ်တိုင်ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ကြပြီး NUG နှင့် ၎င်းတို့၏ချိတ်ဆက်မှု အကန့်အသတ်ရှိသည်။

၂၁။ Facebook post by Mekong News, 30 November 2023.

၂၂။ Facebook post by Shwe Phee Myay News Agency, 28 December 2023.

၂၃။ I ဓာတ်ပုံတစ်ပုံတွင် စစ်သားများသည် "Mine AP Pressure" ဟု အမှတ်အသားပြုထားသော သေတ္တာနှစ်လုံးမှ MM6 လူသတ်မိုင်းအသစ်များကို ယူဆောင်လာသည်ကို တွေ့ရသည်။ "နမ္မတူမြို့ တိုက်ပွဲတွင် သိမ်းဆည်းရမိသော ဟောဝစ်ဇာ ၂ လက် အပါအဝင် လက်နက်များ" ကို ရွှေဖီမြေ သတင်းဌာန၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက် တွင် ကြည့်ပါ။

၂၄။ "Karen and Karenni joint forces capture military base by Thanlwin river," Shwe Phee Myay News Agency, 19 December 2023.

၂၅။ Facebook post by Khit Thit Media, 3 December 2023.

၂၆။ Facebook post by Khit Thit Media, 5 December 2023.

မြန်မာနိုင်ငံသည် လူသတ်မြေမြှုပ်မိုင်းများအား ပြည်ပသို့တင်ပို့ခဲ့သည်ဟု မသိရှိရပါ။[၂၇] ယခင်က မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ အီတလီ၊ ရုရှား(ဝါ) ယခင် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ထုတ်လုပ်သည့် လူသတ်မိုင်းများကို တင်သွင်းခဲ့သည် (ဝါ) တနည်းအားဖြင့် ရရှိခဲ့ပြီး အသုံးပြုခဲ့ပါသည်။[၂၈]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း

မြန်မာ့တပ်မတော်က သိုလှောင်ထားသည့် လူသတ်မြေမြှုပ်မိုင်းများ၏ အမျိုးအစား၊ သို့မဟုတ် အရေအတွက်နှင့် စပ်လျဉ်း၍ တရားဝင်ထုတ်ပြန်သော သတင်းအချက်အလက် မရှိပါ။

မြန်မာနိုင်ငံရှိ NSAGs အသီးသီးက လက်လုပ်လူသတ်ဖောက်ခွဲမိုင်းနှင့် တိုက်မိုင်းများကို ထုတ်လုပ်ကြသည်။ မိုင်းအသုံးပြုမှု တားမြစ်ခြင်း သဘောတူစာချုပ်တွင် ၎င်းမိုင်းအမျိုးအစားများကို စက်ရုံတွင် ထုတ်လုပ်ခြင်းသော်လည်း ဒေသန္တာရ လက်ဖြစ်ထုတ်လုပ်ခြင်းမှသော်လည်းကောင်း အသုံးပြုခြင်းကို တားမြစ်ထားသည်။ မြန်မာနိုင်ငံရှိ တချို့ NSAGs များသည် ရှေ့ထွက်မိုင်း အမျိုးအစား တိုက်မိုင်းများနှင့် အဝေးထိန်းယာဉ်ဖျက်မိုင်းများနှင့် တိုက်မိုင်းများကိုလည်း ထုတ်လုပ်ကြသည်။[၂၉]

တချို့ NSAG များသည် မြန်မာ့တပ်မတော် နှင့် တခြားအဖွဲ့များထံမှ လူသတ်မိုင်းများကို သိမ်းဆည်းရမိခဲ့သည်။[၃၀] မြေမြှုပ်မိုင်းများကို မိုင်းကွင်းများမှ တူးဖော်၍ ပြန်လည်အသုံးပြုခြင်းမှသော်လည်းကောင်း၊ လက်နက်မှောင်ခိုဈေးကွက်မှလည်းကောင်း အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများက ရရှိကြသည်။[၃၁]

## အသုံးပြုမှု

၂၀၂၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် မိုင်းတားမြစ်ရေးပဋိညာဉ်ကို မြှင့်တင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သော်လည်း ၎င်းသည် လူသတ်မိုင်းကို ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။[၃၂] မြန်မာတပ်မတော်၊ PDF နှင့် များစွာသော NSAG များအပါအဝင် မြန်မာတပ်မတော်သည် လူသတ်မိုင်းများ အသုံးပြုနေခြင်းနှင့်ပတ်သက်၍ Monitor အဖွဲ့ကြီးက အချက်အလက် မှတ်တမ်းများရရှိသဖြင့် ၂၀၂၃ ခုနှစ် - ၂၀၂၄ ခုနှစ်အတွင်း မိုင်းအသုံးပြု၍သည် သိသိသာသာ တိုးမြင့်လာခဲ့သည်။

## မြန်မာတပ်မတော်၏ အသုံးပြုမှု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ့တပ်မတော်သည် လူသတ်မိုင်းများကို အကြိမ်ကြိမ် အသုံးပြုခဲ့သည်။ မိုဘိုင်းလ်ဖုန်းတာဝါတိုင်များ၊ သံယံဇာတထုတ်ယူသည့်လုပ်ငန်းများနှင့် ဓါတ်ငွေ့ပိုက်လိုင်းများ ကဲ့သို့သော အခြေခံအ

---

၂၇။ ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ တင်ပို့မှု တားမြစ်ခြင်းကို ထောက်ခံကြောင်း ပြောကြားခဲ့သည်။ သို့သော် ဆိုင်းငံ့ခြင်း သို့မဟုတ် တင်ပို့ခြင်းကို တားမြစ်ခြင်း တရားဝင် ထုတ်ပြန်ထားခြင်း မရှိသေးပေ။ ICBL၊ Landmine Monitor Report 2000- မိုင်းကင်းစင်သောကမ္ဘာဆီသို့ (New York: Human Rights Watch၊ ဩဂုတ်လ 2000) ကို ကြည့်ပါ။ စာ ၄၆၉။

၂၈။ ICBL ၊ မြေမြှုပ်မိုင်းစောင့်ကြည့်အစီရင်ခံစာ ၂၀၀၄- မိုင်းကင်းစင်သောကမ္ဘာဆီသို့ (နယူးယော့ခ်- လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့၊ အောက်တိုဘာလ ၂၀၀၄)၊ စာ။ 938. မိုင်းများတွင် တရုတ်အမျိုးအစား-၅၈၊-၅၉၊-၆၉၊ နှင့်-၇၂ A၊ ဆိုဗီယက် POMZ-2၊ POMZ-2M၊ PMN-1 နှင့် PMD-6; US M14၊ M16A1 နှင့် M18; အိန္ဒိယ/ဗြိတိန် LTM-73 နှင့် LTM-76 များ ပါဝင်သည်။

၂၉။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ တွင် Monitorသည် ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) က ကယားပြည်နယ် ဒီမောဆိုမြို့နယ်တွင် တည်ထောင်ထားသည့် လက်လုပ်မိုင်းစက်ရုံဟု သက်သေပြထားသည့် ဓာတ်ပုံများကို အမည်မသိသတင်းရင်းမြစ်တစ်ခုထံမှ လက်ခံရရှိခဲ့သည်။

၃၀။ I ၂၀၂၃ ခုနှစ် နှင့် ၂၀၂၄ ခုနှစ်အစောပိုင်းတွင် ချင်း၊ ကရင်၊ ကယား၊ ရခိုင်နှင့် ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် မြန်မာ့တပ်မတော်မှ လူသတ်မိုင်းအများအပြားကို NSAG အဖွဲ့များက သိမ်းဆည်းရမိခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလ အတွင်း မီဒီယာ အစီရင်ခံမှုများ နှင့် ဓာတ်ပုံများကို အခြေပြုသော စစ်တမ်းအရ မြန်မာတပ်မတော်ထံမှ သိမ်းဆည်းရသော မိုင်းသိမ်းဆည်းရရှိမှုဖြစ်စဉ် ၄၅ ခုကျော်တွင် ရာနှင့်ချီသော လူသတ်မိုင်း အမျိုးအစား MM1, MM2, MM5 ၊ နှင့် MM6များ ပါဝင်သည်ကို Landmine Monitor က တွေ့ရှိခဲ့သည်။ See, Mine-Free Myanmar, "Myanmar Armed Forces consistently using antipersonnel landmines over the past 18 months," 9 June 2023.

၃၁။ Landmine Monitor ၂၀၀၉ ခုနှစ်အစီရင်ခံစာသည် မြန်မာနိုင်ငံတွင် အမေရိကန်လုပ် M26 အလားတူ လူသတ်မိုင်းများ ရှိနေခြင်းကို ဖော်ထုတ်နိုင်သော်လည်း အရင်းအမြစ် သို့မဟုတ် အသုံးပြုသူကို မဖော်ထုတ်နိုင်ပါ။See, Landmine Monitor Report 2009: Toward a Mine-Free World (Ottawa: Mines Action Canada, October 2009), p. 1,031.

၃၂။ ""အသုံးပြုမှု၊ သိုလှောင်မှု၊ ထုတ်လုပ်ခြင်းနှင့် လူမိုင်းများ လွှဲပြောင်းခြင်းနှင့် ဖျက်ဆီးခြင်းတို့ကို တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို အကောင်အထည်ဖော်ခြင်း။" အမည်ရသော, UN Voting Data on annual resolution တွင်ကြည့်။

ဆောက်အအုံများအနီး မိုင်းအသုံးပြုမှုသည် ယခင်နှစ်များထက် အသုံးပြုမှု သိသိသာသာ တိုးလာသည်ကို ညွှန်ပြနေသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း NSAGs များက လစဉ် မြန်မာစစ်တပ်မှသိမ်းဆည်းရခဲ့သော မြန်မာနိုင်ငံထုတ် လူသတ်မိုင်းများသည် တစ်နိုင်ငံလုံးနီးပါးဖြစ်နေပြီး ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြောင်းကို Monitor က ပြန်လည်သုံးသပ်ထားသည့် ဓာတ်ပုံများအရ တွေ့ရှိရသည်။[၃၃] ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် မြန်မာ တပ်မတော်သည် မြေမြှုပ်မိုင်းများ၏ အောက်တွင် မော်တာကျည်ဆန်များထပ်ဆင့်တပ်ဆင်ခြင်းဖြင့် အဖျက် စွမ်းအားကို တိုးမြှင့် အသုံးပြုကြောင်း အစီရင်ခံမှုများ ရရှိခဲ့သည်။[၃၄]

ရှုပ်ထွေးသော ပဋိပက္ခအခြေအနေနှင့် မီဒီယာရင်းမြစ်အချို့၏ ဘက်လိုက်မှုသဘောသဘာဝကြောင့် လူသတ်မိုင်း အသစ်အသုံးပြုမှုကို သိရှိရန် ခက်ခဲစေသည်။[၃၅] စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း အသုံးပြုမှု တိုးလာခြင်းကြောင့် မြေမြှုပ်မိုင်း ပြန့်နှံ့မှုအလွန်များပြားလာသော်လည်း ၂၀၂၃ ခုနှစ် နှင့် ၂၀၂၄ ခုနှစ်များအတွင်း ထိခိုက်သေဆုံးမှုများသည် လတ်တလော ထောင်ထားသော လူသတ်မိုင်းအသစ်များကြောင့် ဖြစ်ပုံရသည်။

မြန်မာ့တပ်မတော်သည် ၎င်းတို့တိုက်ခိုက်ခံရသည့်နေရာများတွင် လူသတ်မိုင်းများအသုံးပြုခဲ့ကြောင်း ယခင်က Monitor အဖွဲ့သို့ ဝန်ခံထွက်ဆိုခဲ့ဖူးသည်။[၃၆]

လူသတ်မိုင်းအသစ်အသုံးပြုမှု အကျဉ်းချုပ်ကို အောက်ပါအတိုင်း နမူနာ ပြသထားပါသည်။[၃၇]

၂၀၂၄ ခုနှစ် စက်တင်ဘာလ ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ရွာသားများက မြန်မာတပ်မတော် အမှတ် (၅၆၃) ခြေမြန်တပ်ရင်းမှ စစ်သားများသည် ဂွတောင်ဘက် တိုင်ကြူးကျေးရွာနောက်ဘက်တောင်ပေါ်မှ ချွေးချီကွပ်သစ်ကျေးရွာအထိ မြေမြှုပ်မိုင်းများ ထောင်ထားကြောင်း ပြောဆိုခဲ့သည်။[၃၈] ၂၀၂၄ ခုနှစ် မေလတွင် အာရက္ခတပ်တော် (AA) သည် နယ်မြေ သိမ်းပိုက်မှုများ ပိုများလာသည်နှင့်အမျှ တပ်မတော်သည် မြို့တော်တဝိုက်တွင် မိုင်းများ ထပ်မံချထားကြောင်း ရခိုင်ပြည်နယ် မြို့တော် စစ်တွေမြို့ခံများက ပြောဆိုခဲ့သည်။[၃၉]

မိုင်းကြောင့် ထိခိုက်ကျဆုံးမှုများသည် မြန်မာစစ်တပ်စခန်းများ၏ အပြင်ဖက်တွင် ဖြစ်ပေါ်လေ့ရှိသဖြင့် မိုင်းအသစ်များဖြစ်သည်ဟူသော နောက်ထပ်ညွှန်ပြချက်တစ်ခုဖြစ်သည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ချင်းပြည်နယ် တီးတိန်မြို့ မြန်မာ့တပ်မတော်စခန်းအနီးတွင် မိန်းကလေးတစ်ဦး မိုင်းနင်းမိပြီး ဒဏ်ရာအပြင်းအထန်ရခဲ့သည်။ ခလရ ၂၆၉ တပ်ရင်းက ၎င်း၏တပ်စခန်းအနီး

---

၃၃။ Mine Free Myanmar, "More antipersonnel landmines seized by armed groups during first 3 months of 2024," 1 June 2024. For example, on 13 September 2023, Karen National Liberation Army (KNLA) seized a large quantity of MM1, MM2, and MM6 antipersonnel landmines after capturing a Myanmar Army outpost in Kawkareik township of Kayin State. Facebook post by Shwe Phee Myay News Agency, 15 September 2023.

၃၄။ ရှမ်းပြည်နယ် သောင်စလွန်းကျေးရွာမှ မြန်မာ့တပ်မတော် ဆုတ်ခွာသွားချိန်တွင် မော်တာကျည်ဆန်နှင့် ဖြူစ်တွင် MM6 မိုင်းတစ်လုံးတပ်ဆင်ထောင်ထားသည်ကို ဆုတ်သွားသည့် တပ်များက ရွာနောက်ဘက်ရှိ ဆေးပေးခန်းအနောက်ဘက်လမ်းတွင် ထောင်ထားကြောင်း သိရသည်။ နောက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာသူများက တွေ့ရှိခဲ့သည်။ Free Burma Rangers, "Doctors as Targets: Many Killed In Burma Army's Attacks On Medical Facilities," 21 June 2023; and email from David Eubanks, Free Burma Rangers, 5 September 2023.

၃၅။ တပ်မတော်နှင့် ဆက်စပ်နေသည့် မီဒီယာနှင့် အချက်အလက် အရင်းအမြစ်များသည် စစ်တပ်ကိုဆန့်ကျင်သည့် အဖွဲ့များ ပြုလုပ်သည့် အချက်များကိုသာ ဖော်ပြလေ့ရှိသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ သို့မဟုတ် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) နှင့် ဆက်စပ်သော မီဒီယာ နှင့် အချက်အလက် အရင်းအမြစ်များကလည်း တပ်မတော် ပြုလုပ်သည့် အဖြစ်အပျက် များကို ထုတ်ပြန်လေ့ရှိသည်။ အလွန်နည်းပါးသည့်မီဒီယာတချို့ကသာ တူညီသောအဖြစ်အပျက်များကို ဖော်ပြလေ့ရှိသည်။

၃၆။ နယ်စပ်ဒေသတွေမှာ တပ်မတော်က အင်အားနည်းရင် သူတို့စခန်းချရာအနီးတဝိုက်မှာ မိုင်းတွေ ချထားပေမယ့် တပ်အင်အားနည်းတဲ့အခါမှသာဖြစ်ပါတယ်။ မိုက်ခရိုဝေ့ဖ်တာဝါတိုင်ကဲ့သို့သော အခြေခံအဆောက်အအုံများအနီးတွင် မိုင်းထောင်ပါတယ်။ ရွာတွေ နီးရင် သတိပေးတယ်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ ထိန်းချုပ်ထားတဲ့ နယ်မြေမှာ တပ်မတော်က စခန်းချပြီး နောင့်ယှက် ပစ်ခတ်ခံရတာ ရှိရင် စခန်းပတ်လည်မှာ မိုင်းတွေ ချထားပါတယ်။" Monitor နှင့် အစည်းအဝေး။ လက်ထောက်အတွင်းဝန် ဦးမင်းထိုက်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်၊ ဇူလိုင် ၅၊၂၀၁၉။

၃၇။ See also, ICBL-CMC, "Country Profile: Myanmar: Mine Ban Policy," 2023.

၃၈။ စစ်အစိုးရတပ်များထောင်သော မြေမြှုပ်မိုင်းများသည် အများအားဖြင့် ရွာများအနောက်ဘက် တောင်ကြောများတွင် ရှိသည်ဟု ရွာသားများက ပြောသည်။ လက်ရှိအချိန်တွင် ရွာသားများအား တောတွင်း ဝါးခုတ်ခြင်း၊ ထင်းခွေခြင်းနှင့် သစ်သီးဝလံခူးခြင်းများ ရှောင်ကြဉ်ရန် ရွာသားများအား ပြောဆိုထားသည်။ သင်ဇာနွယ်။ "Junta forces continue to lay landmines in Gwa," Narinjara News, 17 September 2024.

၃၉။ "Locals in junta-held Sittwe fear landmines planted by military," Development Media Group, 18 May 2024; and "Rohingya Man Injured in Landmine Explosion in Sittwe," Rohingya Khobor, 30 July 2024.

နှင့် အနီးတောင်ကြောများတွင် မိုင်းထောင်ခဲ့ကြောင်း ဝန်ခံခဲ့သည်။[၄၀] ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် တပ်မတော်က ရွာသားများကို ရခိုင်ပြည်နယ် ဂွမြို့နယ် ကျိန်တလီမြို့အနီး မိုင်းထောင်ထားသည့်နေရာများသို့ ချဉ်းကပ်ခြင်းမပြုရန် သတိပေးခဲ့သည်။ ထိုမိုင်းကြောင့် လူတစ်ဦးသေဆုံးသည်ဟု ရွာသားများက ယူဆကြသည်။[၄၁]

၂၀၂၄ ခုနှစ် မေလတွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ကြာမိုးကျေးရွာမှ ဒေသခံများက ရေနံပိုက်လိုင်း အထက် အနီးနားလမ်းတလျှောက်တွင် တပ်မတော်က မိုင်းထောင်ခဲ့ကြောင်း တိုင်ကြားခဲ့သည်။ ရွာပြင် မြန်မာ့တပ်မတော်စခန်း အနီးတွင် သစ်သီးဝလံခူးနေသူ တစ်ဦးလည်း မိုင်းနင်းမိကာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။[၄၂]

၂၀၂၄ ခုနှစ် မတ်လတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် အခြေစိုက် ခမရ ၃၄ တပ်ရင်းနှင့် ခမရ ၅၄၂ တပ်ရင်းတို့က လယ်ကွင်းများနှင့် စိုင်းလုံဒွိန်းကျေးရွာအနီးနှင့် အောင်ဇေဒီကျေးရွာအနီးတွင် အရပ်သားများအသုံးပြုသည့် လမ်းတစ်လျှောက်တွင် မြေမြှုပ်မိုင်းများ ထောင်ထားခြင်းကြောင့် ဒေသခံများစွာ ထိခိုက်သေကြခဲ့ရသည်ဟု ကျေးရွာနှစ်ရွာမှ ဒေသခံများက ပြောဆိုခဲ့သည်။[၄၃]

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့ မီးသက်ကုန်းခြေရင်း၌ မြေမြှုပ်မိုင်းကြောင့် ကလေးနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ ဒေသခံများက စစ်တပ်ထောင်ထားသော မိုင်းကြောင့်ဟု စွပ်စွဲကြသည်။ အဆိုပါ တောင်ကုန်းသည် မြန်မာတပ်မတော် ခြေမြန်တပ်ရင်း ၂၇၄ အခြေစိုက်ရာ နေရာဖြစ်သည်။[၄၄]

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ အမှတ် ၅၃၈ ခြေမြန်တပ်ရင်းစခန်းတွင် ၎င်းတို့ ထောင်ထားသော မိုင်းကို နင်းမိခြင်းကြောင့် စစ်သား ၂ ဦး သေဆုံးကာ အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။[၄၅] ယမန်နေ့တွင် ရသေ့တောင်မြို့နယ် ဘော်လုံကွင်းကျေးရွာမှ ဒေသခံတစ်ဦးသည် မေယုမြစ်ကမ်းနားရှိ မိုင်းနင်းမိသောကြောင့် အပြင်းအထန် ဒဏ်ရာရခဲ့သည်။ မြန်မာ့တပ်မတော် ခမရ ၅၃၇ ခြေမြန်တပ်ရင်းသည် မေယုမြစ်တဖက်ကမ်းတွင် တပ်စွဲထားသည်။[၄၆]

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်သို့ ပြန်လည်ရောက်ရှိလာသည့် စစ်ဘေးရှောင်တစ်ဦးသည် ရွာသားများ၏အိမ်အနီး လမ်းမတွင် ထောင်ထားသော မြေမြှုပ်မိုင်း နင်းမိခဲ့သည်။ အမှတ် ၅၅၈ ခြေမြန်တပ်ရင်းမှ စစ်သားများသည် စခန်းသွားမည့်လမ်းကို ဝါးများချပြီး ပိတ်ဆို့နေတာကို တွေ့ခဲ့ရပြီး ယင်းတပ်ရင်းသည်သာ နယ်မြေအတွင်း လှုပ်ရှားသည့် တစ်ခုတည်းသော တပ်ဖွဲ့ဖြစ်သောကြောင့် ၎င်းတို့ မိုင်းထောင်ခဲ့သည်ဟု ရွာသားများက ယုံကြည်ကြသည်။[၄၇]

မြန်မာတပ်မတော်သည် လယ်သမားများကို ၎င်းတို့ အိမ်မွေးတိရစ္ဆာန်များ မိုင်းနင်းမိပါက မိုင်းအတွက် ပြန်လျော်ကြေးပေးရမည်ဟု ထပ်ခါတလည်းလည်း ခြိမ်းခြောက်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ ဘူးသီးတောင် မြို့အနီး လက်ဝဲဒက်ကျေးရွာတဝိုက်တွင် မြန်မာစစ်တပ်သည် နင်းမိုင်းကြောင့် နွားပိုင်ရှင်အား ကျပ်ငွေ တစ်ဆယ့်ငါးသိန်း (အမေရိကန်ဒေါ်လာ ၇၀၇) လျော်ပေးရန် တောင်းဆိုခဲ့သည်ဟု သိရသည်။ ပိုင်ရှင်က လျော်ကြေး မပေးနိုင်သဖြင့် စစ်သားများက နွားကို သတ်စားခဲ့သည်။[၄၈] ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပျဉ်းတော်ကျေးရွာမှ လယ်သမားများ ပိုင်ဆိုင်သည့် အိမ်မွေးတိရစ္ဆာန်များသည် မညင်းတောင်ကျေးရွာ တပ်စခန်းအနီးတွင် မြန်မာစစ်တပ်မှ ထောင်ထားသော မိုင်းထိ သေဆုံးခဲ့သည်။ ယင်းနောက် မြန်မာ့တပ်မတော် တာဝန်ရှိ သူများက ရွာသား များကို ဆင့်ခေါ်ပြီး ကျွဲနွားများ မိုင်းနင်းပေါက်ကွဲပါက လျော်ကြေးငွေ ပေးဆောင်ရမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။[၄၉]

---

၄၀။ "A child's leg was amputated due to being stepped on by a landmine near the SAC camp in Tedim town," Myanmar Pressphoto Agency, 4 October 2023.

၄၁။ "Kyeintali resident killed in landmine blast," Development Media Group, 24 July 2024.

၄၂။ Thinzar Nwe and Aung Kywe Nyein, "Landmine threats loom in Rakhine State, 3 persons lose legs within 2 days," Narinjara News, 9 May 2024.

၄၃။ "Two Landmine Explosions in Kyaukphyu: One Man Loses Leg, Another Injured," Narinjara News, 13 March 2024.

၄၄။ "Two children injured by landmine blast in Myanmar," Radio Free Asia, 5 February 2024.

၄၅။ "2 junta soldiers killed by their own landmine in Rathedaung," Narinjara News, 5 January 2024.

၄၆။ "Two individuals lose legs in Rathidaung landmine incidents within a week," Narinjara News, 4 January 2024.

၄၇။ Karen Human Rights Group (KHRG), "KHRG Submission to the International Campaign to Ban Landmines (ICBL), August 2023–August 2024," 22 September 2024.

၄၈။ ယင်းဖြစ်စဉ်တွင် ရိုဟင်ဂျာလယ်သမား နှစ်ဦးသည် လူသတ်မိုင်းနင်းမိပြီး တစ်ဦးမှာ ဒဏ်ရာ ပြင်းထန်သော်လည်း အခြားလယ်သမားနှင့် နွားတစ်ကောင်မှာ ဒဏ်ရာ အနည်းငယ်သာ ရရှိခဲ့သည်။ Online database of the Armed Conflict Location & Event Data Project (ACLED). See, ACLED website. Exchange rate for 1 January 2024: MMK1,000=US$0.4715. Oanda.

၄၉။ "Army warns that owners must pay if planted landmines are exploded by cattle," Narinjara News, 7 June 2023.

**ရက်စက်ကြမ်းကြုတ်မှု/အဓမ္မစေခိုင်း မိုင်းရှင်းလင်းခြင်း**

မြန်မာ့တပ်မတော်သည် မိုင်းထောင်ထားသည့် နေရာများတွင် တပ်ဖွဲ့များရှေ့၌ အရပ်သားများအား 'လမ်းပြများ' အဖြစ် အသုံးပြုကာ မြေမြှုပ်မိုင်းရှင်းသည့် အလေ့အကျင့်ကို ဆက်လက်လုပ်ဆောင်နေကြောင်း Monitor မှ တွေ့ရှိခဲ့သည်။ ၎င်းလုပ်ရပ်သည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနဲ့ လူ့အခွင့်အရေးဥပဒေကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်းလည်း ဖြစ်သည်။[၅၀]

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် မြန်မာစစ်တပ်သည် မုံရွာ-မန္တလေး ကားလမ်းပေါ်တွင် PDF တပ်ဖွဲ့များ ထောင်ထားသော အဝေးထိန်းမိုင်းများကို ရှင်းလင်းရန် ဒေသခံရွာသားများကို ၎င်းတို့ရှေ့မှ လမ်းလျှောက်ခိုင်းခဲ့သည်ဟု ပြောဆိုမှုများ ရှိခဲ့သည်။ ဇွန်လအတွင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာနှင့် မုံရွာမြို့နယ် မြနှင်းကျေးရွာ အကြားမိုင်းရှင်းသည့်အချိန်တွင် တပ်မတော်က ရွာသားများကို ၎င်းတို့ရှေ့မှ အတင်းအကြပ်သွားစေခဲ့ကြောင်း အလားတူအစီရင်ခံစာမှု ရှိခဲ့သည်။[၅၁]

၂၀၂၄ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် တပ်မတော်က စစ်ကိုင်းတိုင်းဒေသကြီး မင်းမူးမြို့နယ် အလာကတ်ပကျေးရွာကို သိမ်းယူပြီး ရွာသားတစ်စုကို ရွှေဂူကြီးကျောင်းအနီးတွင် ဒေသခံ PDF တပ်ဖွဲ့ဝင်များ ထောင်ခဲ့သော မြေမြှုပ်မိုင်းများကို ရှင်းလင်းခိုင်းခဲ့သည်။ ဖြစ်စဉ်အတွင်း ရွာသားတစ်ဦး မိုင်းထိသေဆုံးပြီး နှစ်ဦး ဒဏ်ရာအပြင်းအထန်ရခဲ့သည်။[၅၂]

၂၀၂၄ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် တပ်မတော်၏ အဓမ္မစစ်မှုထမ်းခံခဲ့ရသော ရိုဟင်ဂျာလူငယ်တစ်ဦးသည် ရခိုင်ပြည်နယ် မောင်တောမြို့ ထုံမိုင်းနယ်ခြားစောင့်တပ်ရဲတပ်ဖွဲ့မှ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း မိုင်းနင်း မိသောကြောင့် ဒဏ်ရာအပြင်းအထန်ရခဲ့သည်။[၅၃]

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် တပ်မတော်သည် ချောင်းဦးမြို့မှ ဒေသခံများကို ဘုန်းတော်ကြီးကျောင်းများတွင် ခိုလှုံနေကြသော စစ်ဘေးရှောင်များ နှင့်အတူ PDF တစ်ဖွဲ့ လမ်းပေါ်တွင် ထောင်ထားသော မိုင်းများကို အတင်းအဓမ္မ ရှင်းလင်းခိုင်းခဲ့သည်။[၅၄] ဒီဇင်ဘာလတွင်လည်း တပ်မတော်သည် မကွေးတိုင်း ဆိပ်ဖြူမြို့နယ် ငွေတော်ကျေးရွာအနီး လယ်တောမှ လူငယ်နှစ်ဦးကို ဖမ်းဆီးခဲ့ပြီး ၎င်းတို့နှစ်ဦး မိုင်းနင်းမိပြီး ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။[၅၅]

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် တပ်မတော်သည် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဒက်ဘတ်ကျေးရွာတွင် လူရှစ်ဦးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့ပြီး၊ တဆက်တည်းတွင် ၎င်းတို့အနက် တစ်ဦးသည် မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာရရှိခဲ့သည်။[၅၆]

၂၀၂၃ ခုနှစ် မေလတွင် တပ်မတော်သည် ကချင်ပြည်နယ် ဖားကန့်မြို့နယ် မောင်တောင်ကျေးရွာအနီး လယ်ကွက်များတွင် အလုပ် လုပ်နေသော လူ ၃၀ ခန့်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ လမ်းပေါ်တွင် လက်လုပ် မိုင်းတစ်လုံး ပေါက်ကွဲပြီး နောက် အရပ်သားနှစ်ဦးနှင့် စစ်သားတစ်ဦး ဒဏ်ရာရခဲ့သည်။[၅၇]

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျဲနန်းစခန်းတွင် နေထိုင်သည့် စစ်ရှောင် ပြည်သူတစ်ဦးသည် ဗန်းမော်နှင့် လွိုင်းလမ်းပေါ်တွင် တပ်မတော်အတွက် လမ်းပြခိုင်းစေခံရခြင်းကြောင့် ဒဏ်ရာရရှိခဲ့သည်။[၅၈]

---

၅၀။ လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်ခုအတွင်း မြန်မာစစ်တပ်သည် အရပ်သားများအား လေ့ကျင့်သင်ကြားပေးခြင်း သို့မဟုတ် အကာအကွယ်ပစ္စည်းများမပါဘဲ မိုင်းရှင်းလင်းခိုင်းခြင်း သို့မဟုတ် မိုင်းတွင်းသို့ တပ်မတော်အတွက် လမ်းပြ သို့မဟုတ် ပေါ်တာအဖြစ် ခိုင်းစေခြင်း နှင့်ပတ်သက်၍ Monitor အဖွဲ့က အစီရင်ခံတင်ပြခဲ့သည်။ ထိုသို့သော် လုပ်ဆောင်ချက်များသည် လူတစ်ဦး၏ အသက်၊ လွတ်လပ်ခွင့်နှင့် လုံခြုံရေးတို့အတွက် ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်သည်။ ရှု., Human Rights Council, Working Group on the Universal Periodic Review, Tenth Session, "Summary prepared by the Office of the High Commissioner for Human Rights in accordance with paragraph 15(c) of the annex to Human Rights Council resolution 5/1," 18 October 2010.

၅၁။ "Myanmar junta troops use human shields to clear landmines on Monywa–Mandalay Road," Mizzima, 7 July 2024.

၅၂။ Online database of ACLED.

၅၃။ Online database of ACLED.

၅၄။ "Junta troops arrested civilians in Chaung U and forced them to clear landmines," Myanmar Pressphoto Agency 20 December 2023.

၅၅။ Online database of ACLED.

၅၆။ အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုမှ Monitor အား ပေးထားသည့် အချက်အလက်။.

၅၇။ အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုမှ Monitor အား ပေးထားသည့် အချက်အလက်။..

၅၈။ အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုမှ Monitor အား ပေးထားသည့် အချက်အလက်။..

## ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် မိုင်းအသုံးပြုမှု

၂၀၂၄ ခုနှစ် အစောပိုင်း၌ ဘင်္ဂလားဒေ့ရှ်နှင့် နယ်စပ်တလျှောက် မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ ပိုများပြားလာခဲ့သည်။ မြန်မာနိုင်ငံနယ်ခြားစောင့်တပ်များချထားသော မိုင်းအသစ်များကြောင့်ဟု ရွာသားများက အသိအမှတ်ပြုကြသည်။ ရခိုင်ပြည်နယ် ဘူးသီးတောင် တောင်ပိုင်းသို့ ပဋိပက္ခများ အသွင်ကူးပြောင်းလာချိန်တွင် တပ်မတော်သည် မိုင်းအသစ်များကို မြို့အနီးတွင် စတင်ထောင်ထားခဲ့သည်။[၅၉]

၂၀၂၄ ခုနှစ် မေလတွင် အာရက္ခတပ်တော် (AA) သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနယ်စပ်ကို ထိန်းသိမ်းလိုက်ပြီး နယ်ခြားမိုင်းကွင်းများဖြတ်၍ လမ်းကြောင်းဖောက်ခဲ့သည်။ ဖြတ်သန်းသွားလာလိုပါက အခကြေးငွေပေး၍ လမ်းပြဖြင့် ဖြတ်သန်းနိုင်သည်။[၆၀] ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းအထိ နွားမှောင်ခိုသမားများသည် ဤနယ်စပ်တွင် မြေမြှုပ်မိုင်း၏ သားကောင်များ ဆက်လက်ဖြစ်နေဆဲဖြစ်သည်။[၆၁] ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် AA စခန်းအနီးထောင်ထားသော မိုင်းကြောင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေနေသော ရိုဟင်ဂျာရွာသားများ မိုင်းထိ ဒဏ်ရာရရှိခဲ့သည်။[၆၂]

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် မြစ်ကိုဖြတ်၍ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတို့ ပိုင်းခြားသော နယ်နိမိတ်မျဉ်းကို ဖြတ်ကျော်ပြီး နတ်မြစ်အတွင်း ကဏန်းရှာဖွေနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအနက် လူတစ်ဦးသေဆုံးကာ အခြားနှစ်ဦး ဒဏ်ရာ ရရှိခဲ့သည်။ မည်သူမည်ဝါက မိုင်းထောင်ထားသည်ကို သေသေချာချာ မသိရပေ။[၆၃]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် မြန်မာနိုင်ငံဗဟိုအစိုးရများနှင့် ပဋိပက္ခဖြစ်ပွားနေသည်မှာ ဆယ်စုနှစ် များစွာကြာခဲ့ပြီဖြစ်သည်။ Landmine Monitor အဖွဲ့သည် ၎င်းအဖွဲ့များ မိုင်းအသုံးပြုမှုကို နှစ်ပေါင်း ၂၅ နှစ်ကျော်ကြာ မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။ ပျူစောထီး၊ ပြည်သူ့စစ်တပ်ဖွဲ့ (PMF)နှင့် နယ်ခြားစောင့်တပ် (BGF) အပါအဝင် ပြည်သူ့စစ်အဖွဲ့များစွာကို တပ်မတော်က ထောက်ပံ့ဖွဲ့စည်းပေးခဲ့သည်။ ဤအဖွဲ့များသည် စစ်တပ်၏ အမိန့်အောက်တွင် အဓိက လှုပ်ရှားကြသော်လည်း တခါတရံ သီးခြားလွတ်လပ်စွာလည်း လုပ်ဆောင်နိုင်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းပြီးကတည်းက စစ်တပ်ကို ဆန့်ကျင်သော တော်လှန်ရေးအဖွဲ့များစွာ ပေါ်ထွက်ခဲ့ပြီး အချို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအဖြစ် သတ်မှတ်ကြသည်။ PDF အဖွဲ့များသည် NUG ကို သစ္စာခံ

---

၅၉။ "၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ် အနောက်ဘက်ခြမ်းရှိ ဘူးသီးတောင်မြို့နယ် လဝယ်ဒက်ကျေးရွာတွင် ရိုဟင်ဂျာလယ်သမား နှစ်ဦး မိုင်းနင်းမိခဲ့သည်။ တစ်ယောက်က ညာဘက်ခြေထောက် ဆုံးရှုံးခဲ့ပြီး ကျန်တစ်ယောက်က ဒဏ်ရာအနည်းငယ် ရရှိခဲ့ပါတယ်။ ACLED ၏ အွန်လိုင်းဒေတာဘေ့စ်ကို ကြည့်ပါ။ ၂၀၂၄ ခုနှစ် ဇန်နဂါရီလ ၁၀ ရက်နေ့တွင် ဘူးသီးတောင်တောင်ဘက်ရှိ ဖွန်ညိုလှဲ့ကျေးရွာမှ ဒေသခံတစ်ဦးသည် ကျောက်ယန့်တောင်ခြေ၌ မိုင်းနင်းမိခဲ့သည်။ တောင်ထိပ်တွင် စခန်းချထားသည့် မြန်မာစစ်တပ် တပ်မဟာ (၂၂) က ထောင်ထားသည့်မိုင်းဟု ပြောဆိုမှုများ ရှိခဲ့သည်။ ။ ACLED ၏ အွန်လိုင်းဒေတာဘေ့စ်ကို ကြည့်ပါ။.

၆၀။ ၂၀၂၄ ခုနှစ် မေလတွင် နယ်စပ်ကုန်သွယ်ရေးစခန်းကို ထိန်းချုပ်ထားသော AA စစ်သားများအား နယ်စပ်ဖြတ်သန်းလိုပါက အခွန်ပေးဆောင်ပေးဆောင်၍ ဖြတ်သန်းရန် လမ်းညွှန်ထားသည်။ ဘူးသီးတောင် မြောက်ပိုင်းမှ ဆေးကုသန် ခရီးထွက်လာသော ရိုဟင်ဂျာ အမျိုးသမီးတဦးက "ကျမအစ်ကိုနဲ့ ကျမ နယ်စပ်နားက AA ရုံးကို မြန်မာငွေ ကျပ် ၂၀၀၀၀ (တစ်ဦးလျှင် ၁၀၀၀၀ ကျပ်) (ဒေါ်လာ ၉.၄၂ (ဒေါ်လာ ၄.၇၁)) ပေးလိုက်တယ်။ သူတို့က ကျမတို့ကို တစ်လစာ ဖြတ်သန်းခွင့် လက်မှတ်ပေးတယ်။ AA စစ်သားတွေက ကျမတို့ကို နယ်စပ်ဂိတ်ကို ခေါ်သွားတယ်။ သူတို့က ကျမတို့ကို ဘေးကင်းတဲ့ လမ်းကြောင်းပြပေးတယ်။ ကျမတို့လည်း နိုင်ကွန်ချာရီ၊ လမ်းဘိုချာရီ (ဘင်္ဂလားဒေ့ရှ်) သို့ အေးဆေးပဲ ရောက်သွားပါတယ်။ " ဟု Monitor သို့ ပြောပြသည်။" 31 မေလ ၂၀၂၄ ခုနှစ် မေလ ၃၁ ရက်နေ့ ငွေလဲလှယ်နှုန်း - MMK1,000 = US$0.4708။ Oanda

၆၁။ ၂၀၂၄ ခုနှစ် မေလ ၄ ရက်နေ့တွင် နယ်စပ်ဖြတ်ကျော်စဉ် မိုင်းနင်းမိသောကြောင့် နွားမှောင်ခိုသမားတစ်ဦး ဒဏ်ရာအပြင်းအထန်ရကာ အခြားနှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။ နွားများကို နောက်တွင်ချန်ထားခဲ့ရသည်။ နောက်တစ်နေ့တွင်နွားများသွားဆွဲရန် အခြားလူနှစ်ဦးကို စေလွှတ်ခဲ့ရာတွင် ထိုသူနှစ်ဦးပါ မိုင်းနင်း မိခဲ့သည်။ ငါးဦးစလုံးကို ကော့ဘဇားဆေးရုံတွင် ကုသမှုခံယူခဲ့သည်။ Monitor သို့ သတင်းပေးသူများမှ ပေးပို့သော အချက်အလက်များ။

၆၂။ ဘူးသီးတောင်မြို့နယ် ကြာညိုပြင်ကျေးရွာနေ ပြည်သူများက ၎င်းတို့ ကျေးရွာအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်း နှင့် အသက်သေဆုံးမှုများသည် AA ထောင်ထားသော မြေမြှုပ်မိုင်းကြောင့်ဟု ယုံကြည်နေကြသည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ရိုဟင်ဂျာ ခုနစ်ဦးသည် မျှစ်နှင့် အခြားဟင်းသီးဟင်းရွက်များ သွားခူးရန် တောင်ကုန်းတစ်ခုသို့ သွားရောက်ခဲ့ကြောင်း Monitor သို့ သတင်းပေးပို့ခဲ့သည်။ အဆိုပါ တောင်ကုန်းကို AA တပ်တော်က လွန်ခဲ့သည့် ၄ နှစ်မှ ၅ နှစ်ကတည်းက သိမ်းပိုက်ခဲ့သည်။ နေ့လယ်ချိန်တွင် ၎င်းတို့ ပြန်မလာသဖြင့် မိသားစုက လိုက်ရှာခဲ့ကြသည်။ တောင်ကုန်းပေါ်တွင် ယောကျာ်းလေးတစ်ဦးနှင့် အမျိုးသားတစ်ဦးကို တွေ့ရှိခဲ့သည်။ နှစ်ဦးစလုံးသည် လူသတ်မိုင်းကြောင့် ဒဏ်ရာအပြင်းအထန်ရကာ မျက်လုံးကွယ်သွားခဲ့သည်။ မျက်စိမမြင်ရသဖြင့် အိမ်ပြန်မရခြင်းဖြစ်သည်။ တခြားငါးဦး မည်သို့ဖြစ်သွားသည်ကို မည်သူမှ မသိနိုင်ပေ။

၆၃။ "Rohingya man killed, 2 Injured in landmine explosion during crab harvest in Naf River," The Business Standard, 8 July 2024.

ကြောင်း ကြေညာသည်။[၆၄] ပြည်တွင်းမီဒီယာများကလည်း ၎င်းအဖွဲ့များ"မြေမြှုပ်မိုင်း" အသုံးပြုမှုနှင့်ပတ်သတ်၍ မကြာခဏဆိုသလို အစီရင်ခံလေ့ရှိသည်။ မိုင်းအများစုသည် အဝေးထိန်း လမ်းဘေးဗုံးများဖြစ်ပြီး အချို့မှာ လူသတ်မြေမြှုပ်မိုင်းများဖြစ်သည်။

မြန်မာနိုင်ငံတွင် တည်ရှိသော NSAG အရေအတွက်များပြားမှုကြောင့် မိုင်းအသုံးပြုမှုအတွက် NSAG တစ်ဖွဲ့တည်းကိုသာ တာဝန်ရှိကြောင်း တိတိကျကျပြောဆိုရန် ခက်ခဲသည်။ ၁၉၉၉ ခုနှစ် Monitor စတင်အစီရင်ခံသည့်အချိန်မှစ၍ အဖွဲ့ တော်တော်များများက မိုင်းများ အသုံးပြုကြသည်။[၆၅] ၂၀၂၃ ခုနှစ် နှစ်ဝက်မှ စ၍ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ NSAGs အဖွဲ့များ နှင့် သက်ဆိုင်သော ဖြစ်စဉ်များကို Monitor အဖွဲ့က အောက်ပါအတိုင်း သုံးသပ်ထားသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ရွာသားတစ်ဦး မြေမြှုပ်မိုင်း နင်းမိ၍ ဒဏ်ရာရပြီး နောက်တစ်ဦး အသက်ဆုံးရှုံးခဲ့သည်ဟု ဒေသခံများက ပြောဆိုသည်။ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ရာပြည့်ကျေးရွာစုအတွင်း PDF တပ်ဖွဲ့များက ထောင်ခဲ့သောမိုင်းကြောင့်ဟု ဆိုသည်။[၆၆]

၂၀၂၄ ခုနှစ်ဇူလိုင်လ ၈ ရက်နေ့တွင် ချင်းပြည်နယ်၊ မတူပီမြို့နယ် ဗလန်တီးကျေးရွာအတွင်း AA တပ်တော် ထောင်ထားသည်ဟု ယူဆရသော မြေမြှုပ်မိုင်း နင်းမိသောကြောင့် အမျိုးသားတစ်ဦး ဒဏ်ရာ အပြင်းအထန် ရရှိခဲ့သည်။[၆၇]

၂၀၂၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ် လွိုင်ကန်ကျေးရွာအနီး အမျိုးသားတစ်ဦး မိုင်းနင်းမိသဖြင့် ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိခဲ့သည်။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ထောင်ထားသော မိုင်းဟု ဒေသခံများက အခိုင်အမာပြောဆိုကြသည်။[၆၈]

၂၀၂၄ ခုနှစ် မေလ တွင် မြန်မာနိုင်ငံနှင့် နယ်နမိတ်ထိစပ်နေသော အိန္ဒိယ နယ်စပ်မှတ်တိုင်း ၉၁ နှင့် ၉၄ အကြား စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင် မြေမြှုပ်မိုင်းထိခိုက်မှုများစွာ ဖြစ်ပေါ်ခဲ့သည်။ လက်နက်ကိုင်အဖွဲ့အစည်းများစွာက ထောင်ထားသော မိုင်းများကြောင့်ဟု ဒေသခံများက ပြောဆိုကြသည်။[၆၉]

၂၀၂၄ ခုနှစ် မတ်လ ၈ရက်နေ့တွင် ချင်းပြည်နယ်၊ မတူပီမြို့နယ် လိုင်လန်းပီမြို့ အနီး ချင်းအမျိုးသားတပ်မတော် (CNF/CAN) ထောင်ထားသော မြေမြှုပ်မိုင်းကြောင့် လယ်သမားတစ်ဦး သေဆုံးပြီး နောက်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။[၇၀]

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နှင့် ၂၅ ရက်နေ့တွင် ကော်သူလေတပ်မတော် (KTLA)နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည့် နေရာဖြစ်သော တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်တွင် ဒေသခံနှစ်ဦး မိုင်းထိ ဒဏ်ရာရခဲ့သည်။[၇၁] ယခင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ် ဇီးဖီတိုင်းကျေးရွာစုတွင် အမျိုးသားတစ်ဦးကို KTLA က သေနတ်ဖြင့် ပစ်ခဲ့သည်။ ထို့နောက် မြေမြှုပ်မိုင်းမိ၍ အပြင်းအထန် ဒဏ်ရာရခဲ့သည်။[၇၂]

၂၀၂၃ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မြင့်အေးကုန်ကျေးရွာစုမှ ရွာသားတစ်ဦးသည် KNLA ထောင်ထားသော မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိသည်။ KNLA က ၎င်းဒေသအနီး မိုင်းထောင်ထားသဖြင့် သွားလာခြင်းမပြုရန် သတိပေးထားပြီးဖြစ်သည်။[၇၃]

၂၀၂၃ ခုနှစ်ဇွန်လ ၂၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာအနီးတွင် လယ်သမားတစ်ဦးသည် ဒေသခံ PDF တဖွဲ့ ထောင်ထားသော မြေမြှုပ်မိုင်းကို နင်းမိသဖြင့် ဒဏ်ရာရခဲ့သည်။ သူမကို ကူညီရောက်သည့် တခြားသူနှစ်

---

၆၄။ ၂၀၂၃ ခုနှစ် မေလအထိ NUG က မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း ၂၅၀ တွင် ဖွဲ့စည်းထားသော PDF အဖွဲ့ပေါင်း ၃၀၀ ကျော်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။ ကိန်းဂဏန်းအတိအကျကို အတည်ပြုရန် ခက်ခဲသည်။ ရှု့ "The PDF has established 300 battalions and columns in 2 years," People's Spring, 5 May 2023.

၆၅။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင် ၈ ဖွဲ့သည် တည်ဆဲအစိုးရနှင့် တနိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပြီး "မိုင်းထောင်ခြင်း ရပ်ဆိုင်းရေး" နှင့် "မြေမြှုပ်မိုင်း အားလုံးကို ရှင်းလင်းရေး လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်မည်" ဟု ကတိပြုခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်က အာဏာသိမ်းသည့်အချိန်မှစ၍ ဤကတိကဝတ်သည် အလုပ်ဖြစ်သည့်ပုံ မရှိတော့ပေ။ .

၆၆။ KHRG, "KHRG Submission to the International Campaign to Ban Landmines (ICBL), August 2023–August 2024," 22 September 2024.

၆၇။ Online database of ACLED.

၆၈။ Online database of ACLED.

၆၉။ "Landmines kill, maim many on Indo-Myanmar border," The Sangai Express, 2 August 2024.

၇၀။ Online database of ACLED.

၇၁။ KHRG, "KHRG Submission to the International Campaign to Ban Landmines (ICBL), August 2023–August 2024," 22 September 2024.

၇၂။ KHRG, "KHRG Submission to the International Campaign to Ban Landmines (ICBL), August 2023–August 2024," 22 September 2024.

၇၃။ KHRG, "KHRG Submission to the International Campaign to Ban Landmines (ICBL), August 2023–August 2024," 22 September 2024.

ဦးပါ နောက်ထပ် မိုင်းကွဲသဖြင့် ဒဏ်ရာရခဲ့သည်။[၇၄]

၂၀၂၃ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာအနီး PDF တစ်ဖွဲ့ထောင်ထားသော မိုင်းဟု ယူဆသည့် မိုင်းကြောင့် အမျိုးသားတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။[၇၅]

၂၀၂၃ ခုနှစ်ဇူလိုင်လ ၇ ရက်နေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဆဲကြီးကျေးရွာအနီး PDF တပ်ဖွဲ့တစ်ဖွဲ့ထောင်ထားသည်ဟု ယူဆရသော လက်လုပ်မိုင်းကြောင့် ဝါးခုတ်နေသော အမျိုးသားနှစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။[၇၆]

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ရှမ်းပြည်နယ် မောက်မယ်မြို့နယ် နမ်ပါသက်ကျေးရွာ အနောက်ဖက်တွင် RCSS ထောင်သည်ဟု ဒေသခံများက ယုံကြည်သော မြေမြှုပ်မိုင်းကြောင့် အမျိုးသားတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။[၇၇]

လမ်းနဘေးပခုံးသားများတွင် ပေါက်ကွဲစေသောအရာများထောင်ထားပြီး ဆိုင်ကယ်များဖြတ်သန်းချိန် ပေါက်ကွဲသည့်ဖြစ်ရပ်အများစုသည် တော်လှန်ရေးအဖွဲ့အစည်းများကြောင့်ဖြစ်သည်။ ၎င်းပေါက်ကွဲစေသောအရာများသည် လူသတ်မိုင်းများဖြစ်နိုင်ပြီး အသက်သေဆုံးသည်ထက် ထိခိုက်ဒဏ်ရာရသည်က ပိုများသည်။[၇၈]

Monitor အဖွဲ့ကြီးသည် မြို့ပြဒေသများတွင်လည်း တိုက်မိုက်များ၊ ထောင်မိုင်းများ ပါဝင်ဖြစ်စေသော ဖြစ်စဉ်များကို ၂၀၂၃ ခုနှစ် နှင့် ၂၀၂၄ ခုနှစ် အစောပိုင်းအထိ မှတ်တမ်းများ ဆက်လက်ယူခဲ့သည်။ မိုင်းသင့်ခံရသူများအများစုသည် အမိုက်ကောက်သူများ သို့မဟုတ် အမိုက်ကောက်ရောင်းစားသူများ ဖြစ်ကြသည်။[၇၉]

## မည်သူမည်ဝါမှန်းမသိသော မိုင်းအသုံးပြုမှုအသစ်များ

မြန်မာနိုင်ငံတွင် ဖြစ်ရပ်တစ်ခုအတွက် တပ်မတော်၊ PDF သို့မဟုတ် NSAG တစ်ခုခုဟု တိတိကျကျ ယိုးစွပ်ရန် ခက်ခဲသည်။ ယခင်က ဘေးကင်းသည်ဟု ယူဆကြသောနေရာများတွင် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုဖြစ်စဉ်များနှင့်ပတ်သက်၍ ရွာသားများက အစီရင်ခံကြသည်။ ထိုနေရာများတွင် လောလောလတ်လတ် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်အတွင်း ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဖြစ်ပေါ်ခဲ့သည့် မိုင်းကြောင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများအတွက် အမည်အသိလက်နက်ကိုင်အဖွဲ့များတွင်သာ တာဝန်ရှိသည်။[၈၀]

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လက်နက်ကိုင် ပဋိပက္ခများ တိုးမြင့်လာခြင်းကြောင့် ပြည်သူများသည် ပေါက်ကွဲစေတတ်သော အကြွင်းအကျန်ပစ္စည်းများကြောင့် ထိခိုက်မှုများ ရှိလာပြီး၊ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခမှ ကျန်ခဲ့သော ပေါက်ကွဲစေသော

---

၇၄။ Online database of ACLED.

၇၅။ Online database of ACLED.

၇၆။ Online database of ACLED.

၇၇။ Online database of ACLED.

၇၈။ Monitor အဖွဲ့အနေဖြင့် ပဲခူး၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်း ဒေသကြီး နှင့် ချင်း၊ မွန်ပြည်နယ်၊ ကချင် နှင့် ရှမ်းပြည်နယ်တို့တွင် ဖြစ်ရပ် ၆၈ ခုကို မှတ်တမ်းတင်ခဲ့သည်။

၇၉။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် မတ်လအတွင်း မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီ နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့များတွင် အမှိုက်ကောက်သူများနှင့် အမှိုက်ပစ်သူများကြား အနည်းဆုံး ဒဏ်ရာရ သို့မဟုတ် သေဆုံးမှု ၃၀ ထက်မနည်းကို Monitor အဖွဲ့က စောင့်ကြည့်မှတ်တမ်းတင်ခဲ့သည်။

၈၀။ ဥပမာ ၂၀၂၄ ခုနှစ် မေလတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် ခါဝကျေးရွာတွင် မြေမြှုပ်မိုင်းကြောင့် ကလေး လေးဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရွာသားများက ပြောကြားရာတွင် ၎င်းနေရာကို လက်ရှိထိန်းသိမ်းထားသည့် အာရက္ခတပ်တော်က ထောင်ထားသည့် မိုင်းများဖြစ်နိုင်ကြောင်း၊ သို့မဟုတ် ယခင်က အထိုင်ချခဲ့သည့် မြန်မာတပ်မတော်လည်း ဖြစ်နိုင်ကြောင်း ပြောဆိုသည်။

"Landmine Blast in Paletwa Kills Four Children Instantly, Injures One," Burma News International, 11 May 2024. ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် တနင်္သာရီတိုင်း သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်မြို့နယ် အနင်းနှင့် ထင်းရှူးကျေးရွာမှ ဒေသခံများက မြန်မာ့တပ်မတော်နှင့် ပြည်သူကာကွယ်ရေးစုပေါင်းတပ်ဖွဲ့များအကြား တိုက်ပွဲဖြစ်ပွားပြီးနောက် ပြည်သူတစ်ဦး ဒဏ်ရာအပြင်းအထန်ရခဲ့ကြောင်း ပြောကြားခဲ့သော်လည်း မည်သည့်အဖွဲ့မှ မိုင်းထောင်ခဲ့သည်ကို အသေအချာ မသိပေ။

"Woman Seriously Injured by Landmine explosion in Thanbyuzayat Township," Burma News International, 9 February 2024. Monitor သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန်လ ၃၀ ရက်နေ့အတွင်း လူပေါင်း 50 ဦးထက်မနည်း သေဆုံး ဒဏ်ရာရရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။ သို့သော် ၎င်းဖြစ်စဉ်များအတွက် မည်သည့်အဖွဲ့ကမှ ၎င်းတို့လက်ချက်ဟု ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပေ။ အမည်မသိ လက်နက်ကိုင်အဖွဲ့၏ လက်ချက်အဖြစ်သာ ရှိခဲ့သည်။

ပစ္စည်းများကို ကိုင်တွယ်ခြင်းကြောင့် ကလေးငယ် အသေအပျောက်ဖြစ်မှုများ ဖြစ်ပေါ်ခဲ့သည်။[၆၁]

လွန်ခဲ့သည့်နှစ်များတွင် NSAG အဖွဲ့အချို့သည် ဆွစ်ဇာလန်အခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သော Geneva Call က စီစဉ်သည့် ကတိကဝတ်စာချုပ် (Deed of Commitment) လက်မှတ်ရေးထိုးခြင်းဖြင့် လူသတ်မိုင်းအသုံးပြုမှုကို တစ်ဖက်သတ် စွန့်လွှတ်ခဲ့သည်။[၆၂] ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) သည် ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏ လက်နက်ကိုင်တပ်ဖြစ်သော တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) သည် မိုင်းအသုံးပြုမှုမှစွန့်လွှတ်ရန် ကတိကဝတ်ပြုခဲ့ဖူးသည်။[၆၃] ၂၀၁၇ ခုနှစ် ဇွန်လတွင် TNLA က မိုင်းအသစ်အသုံးပြုမှုစွတ်စွဲချက်နှင့်ပတ်သက်၍ ငြင်းဆန်လိုက်ပြီး ကတိကဝတ်စာချုပ်တွင် လက်မှတ်ရေးထိုးပြီးကတည်းက မြေမြှုပ်မိုင်းများ အသုံးပြုခြင်းမရှိတော့ဟု ထပ်လောင်းပြောဆိုခဲ့သည်။[၆၄] ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အာရက္ခတပ်တော် (AA) က ၎င်းသည် ထောင်မိုင်းများကိုသာ အသုံးပြုကြောင်း ပြောဆိုခဲ့သော်လည်း တပ်မတော်ထံမှ သိမ်းဆည်းရခဲ့သည် လူသတ်မိုင်းများနှင့်ပတ်သက်၍ တစုံတရာ မှတ်ချက်ပြု ပြောဆိုခြင်းမရှိခဲ့ပေ။[၆၅]

မြန်မာနိုင်ငံသည် တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော လက်နက်ကိုင် ပဋိပက္ခများကြောင့် မိုင်းအမြောက်အများပုံ့နှံ့တည်ရှိနေသော နိုင်ငံတစ်နိုင်ဖြစ်သည်။ ၂၀၂၄ ခုနှစ် ကုလသမဂ္ဂ (UN) ၏ အစီရင်ခံစာ တွင် "မြေမြှုပ်မိုင်းများဖြင့် ပွစိတက်ပြည့်နက်နေသော" တိုင်းပြည်တစ်ခု ဟု ခေါ်ဝေါ်ထားသည်။[၆၆] မြေမြှုပ်မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသည့်ပစ္စည်းများ ကြောင့် အိုးအိမ်မဲ့ပြည်သူများ မူရင်းနေရာသို့ ပြန်နိုင်သည့် အခွင့်အလမ်းများကို အဟန့်အတားဖြစ်စေသည်။[၆၇]

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်သော အာဏာပိုင်အဖွဲ့အစည်းမရှိပေ။ နိုင်ငံတကာ မိုင်းရှင်းလင်းရေး အဖွဲ့များကိုလည်း မိုင်းရှင်းခွင့် ခွင့်ပြုထားခြင်းမရှိပေ။[၆၈] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် တပ်မတော်က ရွေးကောက်ခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဦးဆောင်သော အစိုးရထံမှ အာဏာသိမ်းယူခဲ့ခြင်းကြောင့် မိုင်းအရေး ပေါင်းစပ်ညှိနှိုင်းမိုင်းဆိုင်ရာ အကောင်အထည်ဖော်မှု အလားအလာကောင်းများအပေါ် ပြင်းထန်စွာ သက်ရောက်မှု ရှိခဲ့သည်။ နောက်ဆက်တွဲ အာဏာသိမ်း စစ်အစိုးရ (စစ်အစိုးရက ၎င်းကိုယ်၎င်း နိုင်ငံတော် အုပ်ချုပ်ရေးကောင်စီဟု အမည်ခေါ်ဆိုသည်။) တည်ထောင်မှုနှင့်လည်း တဆက်တည်းဖြစ်သည်။

---

၆၁။ ဥပမာ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ် ကော့ကလိုးကျေးရွာ လမ်းမကြီးဘေးတွင် တွေ့ရှိခဲ့သော မပေါက်ကွဲသေးသော မော်တာကျည်ဆန်ကို ကိုင်တွယ်မိသောကြောင့် ကလေးတစ်ဦး သေဆုံးကာ အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ KHRG၊ "KHRG မှ နိုင်ငံတကာ မြေမြှုပ်မိုင်းများ တားဆီးရေး လှုပ်ရှားမှု (ICBL) သို့ KHRG တင်ပြချက်၊ ဩဂုတ်လ 2023 မှ 2024 ခုနှစ် ဩဂုတ်လ၊" 22 September 2024။

၆၂။ ယခင်က မြန်မာနိုင်ငံရှိ NSAG နှင့် ယခင် NSAG အဖွဲ့အချို့သည် ကတိကဝတ်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် လူသတ်မိုင်းများအသုံးပြုမှုကို တစ်ဖက်သတ် စွန့်လွှတ်ခဲ့သည်။ ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော် (CNF/CNA) သည် ၂၀၀၆ ခုနှစ်တွင် အသုံးမပြုတော့ပေ။ ယခုအခါ စစ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းလိုက်သည့် Arakan Rohingya National Organisation (ARNO) နှင့် ရခိုင်အမျိုးသားညီညွတ်ရေးပါတီ (NUPA) တို့သည် ၂၀၀၃ ခုနှစ်တွင် မိုင်းအသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူဒီမိုကရက်တစ်ပါတီ၊ (LDF)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်မတော် (PSLA)၊ ပအိုဝ်းပြည်သူ လွတ်မြောက်ရေး အဖွဲ့/ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PPLO/PPLA) သည် ၂၀၀၇ ခုနှစ်တွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ ၂၀၁၀ခုနှစ်ဇွန်လ တွင် LDF နှင့် PPLA တို့ကို ဖျက်သိမ်းလိုက်ကြောင်း Geneva Call က မှတ်သားရသည်။

၆၃။ ၂၀၁၄ ခုနှစ်မှစ၍ Geneva Call သည် TNLA မိုင်းအသုံးပြုမှု စွတ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းမှုများ ပြုလုပ်လာခဲ့သည်။ ရှု Geneva Call, "Burma/Myanmar: Geneva Call urges an end to mine use in northern Shan State," 14 July 2016.

၆၄။ Amnesty International, "All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar," 14 June 2017, p. 44.

၆၅။ "Military-planted landmines causing civilian casualties in Arakan State: AA spokesman," Development Media Group, 11 July 2022.

၆၆။ United Nations Office for the Coordination of Humanitarian Affairs (UNOCHA) "Myanmar Humanitarian Needs and Response Plan 2024: Addendum," June 2024, p. 3.

၆၇။ UNOCHA, "Myanmar Humanitarian Needs and Response Plan 2024: Addendum," June 2024, p. 6.

၆၈။ United Nations (UN) Mine Action Strategy 2019–2023, Inter-Agency Coordination Group on Mine Action Monitoring and Evaluation Mechanism, "Thematic Study on Gender and Diversity Mainstreaming in UN Mine Action – the Cases of Colombia and Myanmar," undated, p. 8.

၁၉၉၉ ခုနှစ် Monitor စတင် မှတ်တမ်းယူသည့်နှစ်မှစ၍ မိုင်း/ERW (စစ်ပွဲအတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေ သော စစ်လက်နက်ပစ္စည်းများ) အရည်အတွက်သည် မြင့်တက်လာသည်ဟု Monitor က အစီရင်ခံခဲ့သည်။ ၂၀၂၃ ခုနှစ် လူပေါင်း တစ်ထောင်မက သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု Monitor နှင့် ကုလသမဂ္ဂ သတင်းအရင်းအမြစ်များက မှတ်တမ်းတင်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ပထမ ဦးဆုံးအကြိမ်အဖြစ် တစ်ကမ္ဘာလုံးတွင် နှစ်စဉ် သေဆုံးသူဦးရေအသစ် အများဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မြန်မာနိုင်ငံတွင် မိုင်း/ ERW ထိခိုက်မှု တဟုန်ထိုး မြင့်တက်လာခြင်းသည် ပဋိပက္ခ ပိုမိုပြင်းထန်လာခြင်းကြောင့်လည်း ဖြစ်သည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ ဦးဆောင်ပြီး မြန်မာနိုင်ငံရှိ မိုင်းအရေးလုပ်ရှားမှုတာဝန်အဖွဲ့ (MA AoR) သည် မိုင်းအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းနှင့် မိုင်းသင့်ပြည်သူကူညီထောက်ပံ့မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများကို ပံ့ပိုးပေးသည်။[၈၉] ၂၀၂၃ ခုနှစ်အတွင်း မိုင်းအန္တရာယ်အသိပညာပေးအားထုတ်မှုများသည် ပြည်တွင်းရွှေ့ပြောင်းပြည်သူများ (IDPs) နေထိုင်သော စခန်းများ၊ မိုင်းပျံ့နှံ့မှုများသည်ဟု အစီရင်ခံသော ကျေးရွာများနှင့် ပဋိပက္ခဖြစ်ပွားနေသည့် နေရာများအတွက် ဦးစားပေးဆောင်ရွက်ခဲ့သည်။[၉၀]

မိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများကို မိုင်းအရေးဆောင်ရွက်သော အဖွဲ့အစည်းများ၊ ပိုကျယ်ပြန့်သော အကူအညီပေးခြင်း ကွန်ယက်များနှင့် ချိတ်ဆက်ထားသော လွှဲပြောင်းခြင်းစနစ်များမှဆင့် ထောက်ပံ့ ပေးလျက်ရှိသည်။[၉၁] Monitor ၏ ဒေတာများအရ မြေမြှုပ်မိုင်းသင့် ပြည်သူများကို ပြည်သူဆေးရုံများတွင် အဓိက ကုသပေးခဲ့သည်ကို တွေ့ရသည်။ ၂၀၂၃ ခုနှစ်တွင် မိုင်းထိပြည်သူများကို မြန်မာနိုင်ငံအတွင်း အနည်းဆုံး ဆေးရုံ ဆေးခန်း ၆၃ ခုတွင် ကုသပေးခဲ့သည်။ တချို့ပြည်သူများသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ နှင့် ထိုင်းနိုင်ငံတို့တွင် ဆေးကုသမှု ခံယူခဲ့ကြသည်။[၉၂] ၂၀၂၄ ခုနှစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စကစ) သည် မိုင်း/ERW ထိပြည်သူများ ဆေးကုသမှုနှင့် ခြေတုလက်တုတပ်ဆင်ခွင့်ကို ဟန့်တားပိတ်ပင်ခဲ့သည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးက ထုတ်ဖော်ပြောဆိုခဲ့သည်။[၉၃]

**သက်ရောက်မှုများကို လေ့လာအကဲဖြတ်ခြင်း**

ထိခိုက်ဒဏ်ရာရမှုများ

မြန်မာနိုင်ငံတွင် မိုင်း/ ERW ထိခိုက်သေဆုံးမှုဆိုင်ရာ အချက်အလက် စုဆောင်းရန်အတွက် တရားဝင် လုပ်ငန်းယန္တရား မရှိပါ။[၉၄] Monitor သည် ၁၉၉၉ ခုနှစ်မှစ၍ သတင်းအရင်းအမြစ်များစွာမှ ဒေတာများကို နှစ်စဉ် ကောက်ယူခဲ့သည်။ သတင်းရနိုင်သောရင်းမြစ်များမှ စုဆောင်းထားသော အစီရင်ခံစာများသည် ထိခိုက်သေဆုံးမှုနှင့် ဖြစ်စဉ်အားလုံး၏ အတိုင်းအတာ အပြည့်အစုံကို ထင်ဟပ်နိုင်ဖွယ်မရှိပါ။

၂၀၂၃ ခုနှစ်တွင် မိုင်း/ERW ကြောင့်ထိခိုက်သေဆုံးမှုသည် အနည်းဆုံး ၁၀၀၃ ဦး ရှိခဲ့သည်ဟု Monitor အဖွဲ့ကြီးက မှတ်တမ်းတင်ခဲ့သည်။ Monitor သည် ၁၉၉၉ ခုနှစ် မှ ၂၀၂၃ နှစ်ကုန် အထိ ထိခိုက်သေဆုံးမှု စုစုပေါင်း ၇၁၇၇ ဦး (၁၂၈၇ ဦး သေဆုံး၊ ၅၇၆၄ ဦး ဒဏ်ရာ၊ ၁၂၆ ဦး အကြောင်းရင်းမသိရ အသက်ရှင်ကျန်ရစ်သူ)ကို မှတ်တမ်းတင်ခဲ့သည်။ မြန်မာနိုင်ငံတွင် စုစုပေါင်း မိုင်း/ERW ထိခိုက်သေဆုံးမှုကို မည်သည့်အခါမှ သိနိုင်ခဲ့ခြင်း မရှိပါ။

Monitor ၏ ဒေတာများတွင် တပါတည်းဖြစ်သော UNICEF ၏ မြန်မာနိုင်ငံအတွင်း မိုင်းနှင့် ERW ဖြစ်ပွားမှု အစီရင်ခံချက်အရ ၂၀၂၃ ခုနှစ်တွင် တိုင်းပြည်အတွင်း ထိခိုက်မှု အရည်အတွက် သိသိသာသာများလာသည်ဟု ညွှန်ပြနေသည်။[၉၅]

---

၈၉။ ၂၈၉။ United Nations Children’s Fund (UNICEF), “Myanmar Country Office: Humanitarian Situation Report No. 4,” 31 May 2022, p. 4.

၉၀။ UNOCHA, “Humanitarian Response Plan, Myanmar: End-Year Report 2022,” 11 April 2023.

၉၁။ UNICEF, “Myanmar Country Office Humanitarian Situation Report No. 6,” 18 August 2024, pp. 7–8.

၉၂။ UN MIMU, Facilities Supporting Treatment of Civilian Mine Victims, 30 September 2024 ကိုရှု။

၉၃။ Office of the United Nations High Commissioner for Human Rights (OHCHR) press release, “Myanmar amputees under siege by junta landmines, harassment and blockades of prosthetics, say UN experts,” 22 November 2024.

၉၄။ Monitor casualty dataset for Myanmar.

၉၅။ UNICEF, “Three-fold increase in civilian casualties caused by landmines and unexploded ordnance in Myanmar’s escalating conflict,” 4 April 2024.

**ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးရမှုများ**

၂၀၂၁ ခုနှစ် မှ ၂၀၂၃ ခုနှစ်အတွင်း တပ်မတော်သည် တိုက်ပွဲများအတွင်း ပြည်တွင်းထုတ် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို အသုံးပြုခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် မြန်မာတပ်မတော်(လေ) သည် ကရင်ပြည်နယ်၊ မြဝတီမြို့နယ် မဲကနယ်ကျေးရွာအနီးသို့ ထပ်ဆင့်ပေါက်ကွဲဗုံးတစ်လုံးချခဲ့သဖြင့် အရပ်သားလေးဦး ဒဏ်ရာရခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင်လည်း နောက်ထပ် ထပ်ဆင့်ပေါက်ကွဲဗုံး အသုံးပြုမှုကြောင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် တပ်မတော် (လေ) ၏ လေကြောင်းတိုက်ခိုက်မှုအပြီး ၎င်းမြို့နယ်တွင် ထပ်ဆင့်ပေါက်ကွဲဗုံးအမျိုးအစား အစများကို တွေ့ခဲ့ဖူးသည်။ ၎င်းတိုက်ခိုက်မှုကြောင့် အရပ်သား ၁၃ ဦး ထိခိုက်ဒဏ်ရာရ ရခဲ့သည်။[၉၆] မြန်မာနိုင်ငံတွင် ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်း အကြွင်းကျန်များ မည်မျှပျံ့နှံ့နေသည် နှင့် ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်းများကြောင့် ထိခိုက်သေဆုံးမှုမည်မျှ ဖြစ်နေသည်ကို တိတိကျကျ မသိရပေ။

**ပြန့်နှံ့မှု**

*မြေမြှုပ်မိုင်းပြန့်နှံ့မှု*

`
၁၉၉၉ ခုနှစ် နှစ်စဉ် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ ပထမအကြိမ်စတင် ထုတ်ဝေသည့်အချိန်မှစ၍ Monitor သည် မြန်မာနိုင်ငံအတွင်း တပ်မတော် နှင့် များစွာသော အစိုးရမဟုတ်သည့် တခြားလက်နက်ကိုင် အဖွဲ့အစည်းများ၏ လူသတ်မြေမြှုပ်မိုင်း ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုမှု မှတ်တမ်းတင်ခဲ့သည်။

၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းသည့်အချိန်မှစ၍ မိုင်းအသစ်အသုံးပြုမှုသည် ပို၍ တိုးပွားပြန့်နှံ့လာသည်။ အသစ်ဖွဲ့စည်းထားသော တော်လှန်ရေးတပ်ဖွဲ့များအပါအဝင် တပ်မတော် နှင့် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများသည် မိုင်းဆက်လက်ထောင်နေဆဲဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် မြို့နယ်အားလုံး (မြို့နယ် ၃၃၀ အနက် မြို့နယ် ၁၉၀) ၏ ထက်ဝက်ကျော်တွင် မိုင်း/ERW ပြန့်နှံ့မှုနေနိုင်ကြောင်း သံသယရှိသည်ဟု အစီရင်ခံခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် ပြန့်နှံ့မှု မြို့နယ် ၁၀၀ ရှိသည်ထက် သိသိသာသာ မြန်မြန်ဆန်ဆန် တိုးများလာခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် တစ်နှစ်တည်းတွင် ထိခိုက်သေဆုံးမှုများသည် အနည်းဆုံး မြို့နယ် ၁၃၄ မြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် မိုင်း/ERW ထိခိုက်သေဆုံးမှုသည် နေပြည်တော်မှလွဲ၍ နိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ဖြစ်ပေါ်ခဲ့သည်။[၉၇]

တပ်မတော် သည် ဘုရားကျောင်းများ ကဲ့သို့သော အများပြည်သူဆိုင်သော အဆောက်အဦးများ၊ လူနေအိမ်များအနီး နှင့် ကျေးရွာများတွင် မြေမြှုပ်မိုင်းများ မကြာခဏဆိုသလို ထောင်လေ့ရှိသည်ဟု အစီရင်ခံစာများ ညွှန်ပြနေသည်။[၉၈] မိုဘိုင်းဖုန်းတာဝါများ၊ ကြေးနီမိုင်းများ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်းများအနီးတွင်လည်း တပ်မတော်က လူသတ်မိုင်းများ ထောင်လေ့ရှိသည်ဟူ၍လည်း အစီရင်ခံစာများက ညွှန်ပြသည်။[၉၉]

လူနေအိမ်နေရာများအထိပါ မိုင်း/ERW ပြန့်နှံ့မှုများ ကျယ်ပြန့်လာသောကြောင့် အရပ်သားပြည်သူများအတွက် အန္တရာယ်ရှိမှုပိုမြင့်မားလာသည်။ လက်လုပ်မိုင်း (IED) များပိုမိုအသုံးပြုမှု နှင့် လူဦးရေးထူထပ်သောနေရာများအတွင်း မပေါက်ကွဲသေးသော မိုင်းများ ရှိနေခြင်းသည် နောက်ထပ် ခြိမ်းခြောက်မှုအသစ်များဖြစ်သည်။[၁၀၀]

*ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်း အကြွင်းအကျန်များ ပြန့်နှံ့မှု*

Monitor ၏ သတင်းအချက်အလက်များအရ တပ်မတော်သည် အနည်းဆုံး ၂၀၂၁ ခုနှစ်မှစ၍ နိုင်ငံနေရာ တော်တော်များများ တိုက်ခိုက်မှုများတွင် ပြည်တွင်းထုတ် ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများ အသုံးပြုသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်း အကြွင်းအကျန်များ ပြန့်နှံ့မှု၏ ပမာဏ သို့မဟုတ် တည်ရှိမှုကို မသိနိုင်ပေ။[၁၀၁]

---

၉၆။ Landmine and Cluster Munition Monitor, "Briefing Paper: Cluster Munition Production and Use in Myanmar/Burma," August 2023.

၉၇။ Myanmar Information Management Unit (MIMU), "Townships with Suspected Landmine/ERW Contamination (1999–2023) and Landmine/ERW Casualties in Myanmar (2024)," 9 October 2024.

၉၈။ Amnesty International, "Myanmar: Military's use of banned landmines in Kayah State amounts to war crimes," 20 July 2022.

၉၉။ Marwaan Macan-Markar, "Myanmar land mine danger grows as military rings Chinese assets," Nikkei Asia, 3 July 2023.

၁၀၀။ UNICEF, "Myanmar Country Office Humanitarian Situation Report No. 6," 18 August 2024, p. 3.

၁၀၁။ Landmine and Cluster Munition Monitor, "Briefing Paper: Cluster Munition Production and Use in Myanmar/Burma," August 2023.

*တခြားပြန့်နှံ့မှု ပုံစံများ*

ERW ပြန့်နှံ့မှု ပမာဏကို မသိနိုင်ပေ။ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်အတွင်းက အသုံးပြုခဲ့သော စစ်လက်နက် ပစ္စည်းများ အပါအဝင် ယခင် ပဋိပက္ခများမှ စစ်အတွင်းကြွင်းကျန်ရစ်ခဲ့သည့် ပေါက်ကွဲစေသော ပစ္စည်းများ(ERW) ကြောင့် အသေအပျောက် များကြောင်း သိရသည်။[၁၀၂]

## သက်ရောက်မှုများကို ဖြေရှင်းခြင်း

*မိုင်းရှင်းလင်းခြင်း*

မြန်မာနိုင်ငံတွင် မိုင်းကင်းစင်နယ်မြေကို စောင့်ကြည့်ကြပ်မတ်ရန် အမျိုးသားအဆင့်မိုင်းအရေးဆောင်ရွက်သည့် အဖွဲ့အစည်း မရှိပေ။ မြန်မာနိုင်ငံရှိ မိုင်းလုပ်ငန်းဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေး ယန္တရားအများစုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်အာဏာသိမ်းပြီးကတည်းက ဆိုင်းငံ့သွားသည်။ မြန်မာနိုင်ငံတွင် လူသားချင်းစာနာသော မိုင်းရှင်းလင်းမှုများ ဆောင်ရွက်ခဲ့သည်ဟု သိရှိရခြင်းမရှိပေ။ တပ်မတော်က နေရာအလိုက် မိုင်းရှင်းလင်းမှုများ လုပ်ဆောင်သလို အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများကလည်း ကြိုကြားကြိုကြားမိုင်းရှင်းလင်းမှုများ လုပ်ဆောင်ခဲ့သည်။[၁၀၃] ၂၀၂၄ ခုနှစ်တွင် အာရက္ခတပ်မတော်က မိုင်း သတိပေးမှုဆိုင်းဘုတ်များ စိုက်ထူထားသည့် ဓါတ်ပုံများကို Monitor က လက်ခံရရှိခဲ့သည်။

*ဥပဒေနှင့်စံချိန်စံနှုန်းများ*

မြန်မာနိုင်ငံတွင် တိကျသော မိုင်းအရေးဆောင်ရွက်မှုဥပဒေ သို့မဟုတ် အမျိုးသားအဆင့်စံနှုန်းများ မရှိပေ။ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် မိုင်းရှင်းလင်းရေးအမျိုးသားအဆင့် စံချိန်စံညွှန်းများ ပေါ်ထွက်ရန် ဆောင်ရွက်နေသည်ဟု အစီရင်ခံတင်ပြခဲ့သော်လည်း နောက်ဆက်တွဲလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးခြင်းမရှိပေ။[၁၀၄]

*မဟာဗျူဟာများနှင့် မူဝါဒများ*

၂၀၂၃ နှစ်ကုန်ပိုင်းအထိ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု မိုင်းရှင်းလင်းရေး ဗျူဟာ မရှိသေးသည့်အပြင် နိုင်ငံတွင်း မိုင်းရှင်းလင်းရေးလုပ်ဆောင်ရန် နိုင်ငံတကာအော်ပရေတာများကို လုပ်ပိုင်ခွင့် မပေးပေ။ မြန်မာနိုင်ငံတွင် ခရီးသွားလာခြင်းနှင့် ဝင်ရောက်ခွင့် ကန့်သတ်ချက်များ ရှိနေသော်လည်း ၂၀၂၃ ခုနှစ်အတွင်း  MA AoR ၏ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများသည် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မိုင်းသင့်လူမှုအသိုင်းအဝန်းများအတွက် အသိပညာပေးမှုများ ဆက်လက် လုပ်ကိုင်ပေးလျက် ရှိသည်။ MAAoR သည် REACH အဖွဲ့နှင့် ပူးပေါင်း၍ ၂၀၂၃ ခုနှစ် ကဏ္ဍပေါင်းစုံ လိုအပ်ချက်လေ့လာ ဆန်းစစ်ချက်မှတဆင့် မိုင်းလုပ်ငန်းဆိုင်ရာစီမံချက် အားကောင်းစေရန် ညွှန်းကိန်းများ ဖော်ဆောင်ခဲ့သည်။[၁၀၅]  မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော နိုင်ငံတကာအော်ပရေတာများသည် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် မိုင်းသင့်ပြည်သူများ အကူအညီပေးရန် ၎င်းတို့၏ ကိုယ်ပိုင်စံနှုန်းများနှင့် အပြည်ပြည်ဆိုင်ရာ မိုင်းလှုပ်ရှားမှုဆိုင်ရာ စံနှုန်းများ (IMAS) ကို လိုက်နာဆောင်ရွက်ကြသည်။[၁၀၆]

---

၁၀၂။ Phadu Tun Aung, “One woman dead and nine others injured after bomb explodes in Minbya,” Myanmar Now, 12 January 2021; and “Un exploded WWII bombs discovered at central Myanmar sports ground,” Coconuts Yangon, 30 September 2015.

၁၀၃။ ဥပမာ  “AA clears junta planted landmines in Kyaukphyu” Narinjara 12 March 2024. ABSDF သည် မကွေးတိုင်း ဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ ရဲစခန်းတစ်ခုမှ မြေမြှုပ်မိုင်းများကို ဖယ်ရှားခဲ့ကြောင်း သိရသည်။. “Junta forces booby trap Gangaw Township police station with mines” Mizzima, 8 November 2023.  ချင်းအမျိုးသားတပ်ဦးမှ ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိခေါဒါတွင် အိန္ဒိယ-မြန်မာနယ်စပ်တွင် မြေမြှုပ်မိုင်းများ ဖယ်ရှားခဲ့ကြောင်း ချင်းအမျိုးသားတပ်ဦးမှ ပြောကြားခဲ့ပါသည်။ Myanmar Peace Monitor. Interview, 23 November 2023.

၁၀၄။ Statement of Myanmar, United Nations General Assembly (UNGA) First Committee on Disarmament and International Security, 74th Session, New York, 25 October 2019.

၁၀၅။ UNICEF, “Myanmar Country Office: Humanitarian Situation Report No. 3,” 30 April 2023, p. 4.

၁၀၆။ International Campaign to Ban Landmines - Cluster Munition Coalition (ICBL-CMC), “Country Profile: Myanmar: Impact,” updated 16 November 2021.

*သတင်းအချက်အလက် စီမံခန့်ခွဲမှု*

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်မိုင်းဆိုင်ရာ အချက်အလက်သိုလှောင်ထားသည့် ဒေတာဘေ့စ် မရှိပါ။ အော်ပရေတာများက စုဆောင်းသော မိုင်းသင့်ပြည်သူဆိုင်ရာအကူအညီနှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးရေး ဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုများ ပိုမိုတိုးတက်ရန် လိုအပ်သည်။[၁၀၇]

မိုင်းရှင်းလင်းရေး အော်ပရေတာများ

၂၀၂၁ ခုနှစ် အာဏာသိမ်းမှု ကတည်းက နည်းပညာစစ်တမ်းကောက်ယူမှု သို့မဟုတ် မိုင်းရှင်းလင်းခြင်း ဆောင်ရွက်ရန်အတွက် အစိုးရက သော်လည်းကောင်း တိုင်းရင်းသားလူနည်းစုဒေသများရှိ ဒေသန္တရ အာဏာပိုင်များက သော်လည်းကောင်း နိုင်ငံတကာလူသားချင်းစာနာမှု မိုင်းအရေးဆောင်ရွက်သော အော်ပရေတာများကို ခွင့်ပြုခြင်း မရှိသေးပေ။ တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများက ဆောင်ရွက်သော ကြုံကြားကြုံကြား မိုင်းရှင်းလင်းမှုများရှိကြောင်း အစီရင်ခံမှုများ ရှိသည်။[၁၀၈]

*မိုင်းကင်းစင်နယ်မြေ၊ လူသတ်မြေမြှုပ်မိုင်းများ၊ ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်းအကြွင်းအကျန်များ နှင့် တခြား ပေါက်ကွဲစေသော ပစ္စည်းများ*

၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံတွင် မိုင်းရှင်းလင်းရေး ကြိုးပမ်းမှုမှာ အနည်းငယ်မျှသာဖြစ်ပြီး ညှိနှိုင်းဆပ်စပ်မှုမရှိဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က အစီရင်ခံခဲ့သည်။ မြေတူးစက်နှင့် တွဲပြီး ငှားရမ်းထားသော မော်တော်ယာဉ်များဖြင့် မိုင်းသင့်မြေရှင်းလင်းခြင်း ကြိုးပမ်းမှု အပါအဝင် တွေ့ဆုံမေးမြန်းထားသော ရွာသားအချို့က ဒေသခံများ၏ မိုင်းတူးဖော်မှုကို အစီရင်ခံတင်ပြခဲ့သည်။ HRW ၏ အဆိုအရ တပ်မတော် စစ်ကြောင်းများသည် ၎င်းတပ်ဖွဲ့ဝင်များရှေ့တွင် မိုင်းရှိပါက မိုင်းကွဲစေရန် ကလေးငယ်များ အပါအဝင် ရွာသားများအား လမ်းလျှောက် ခိုင်းခြင်းဖြင့် "လူသားမိုင်းရှင်းကိရိယာများအဖြစ်" အတင်းအကြပ် ခိုင်းစေမှုများ ပိုတိုးလာသည်။[၁၀၉]

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတပ်ဖွဲ့များ နယ်မြေမှ ဆုတ်သွားပြီးနောက် တော်လှန်ရေးလက်နက်ကိုင်အဖွဲ့ဖြစ်သော ကရင်နီ အမျိုးသား ကာကွယ်ရေး တပ်ဖွဲ့ (KNDF) တပ်ဖွဲ့ များကို နယ်မြေ ရှင်းလင်းရေး တာဝန်ပေးထားကြောင်း သတင်းရရှိသည်။ KNDF စစ်သားများသည် သတ္တုရှာဖွေစက်များ အသုံးမပြုဘဲ ချိုးနှယ်ပိတ်ပေါင်းများလူနှင့်ရှင်းပြီး မိုင်းရှာကြသည်။ မိုင်းဖော်ခြင်း၏ ဦးစားပေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးမြေများ ရရှိရန်ဖြစ်သည်။[၁၁၀] အချို့သော NSAG များသည် စစ်အစိုးရက ထောင်ထားသော မိုင်းများကို စိုက်ခင်းများ၊ လယ်ကွင်းများမှ ဖယ်ရှားပြီး ပြန်လည်အသုံးပြုရန်အတွက် စုဆောင်းထားကြသည်။[၁၁၁]

၂၀၂၃ အစောပိုင်းတွင် ကချင်ပြည်နယ်အတွင်း မိုင်းအရေးဆောင်ရွက်နေသော ဝတ္တရားနယ်ပယ် (The Area of Responsibility) အဖွဲ့သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ ဒိန်းမတ် ဒုက္ခသည်များကောင်စီ၊ HALO Trust နှင့် မိုင်းအရေးအကြံပေးအဖွဲ့ (MAG) တို့နှင့်အတူ စစ်ပြေး ရှောင်ပြည်သူများပြန်လည်မည့်နေရာများတွင် မြေမြှုပ်မိုင်းရှိမရှိ လေ့လာအကဲခတ်ရန် အနီးကပ် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။[၁၁၂]

သို့သော် ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှု မိုင်းရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ၂၀၂၃ ခုနှစ်တွင် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းအကြွင်းအကျန်များရှင်းလင်းခြင်းနှင့်ပတ်သက်၍လည်း အစီရင်ခံမှု မရှိခဲ့ပေ။ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ERW မှ ပြန့်နေသောမြေမှ ကင်းစင်သွားသည်ဟူသော အစီရင်ခံခြင်းလည်း မရှိခဲ့ပါ။

---

၁၀၇။ UNICEF, "Myanmar Country Office: Humanitarian Situation Report No. 4," 31 May 2022, p. 4.

၁၀၈။ ICBL-CMC, "Country Profile: Myanmar/Burma: Impact," updated 16 November 2021; and "Landmines, and fear of renewed clashes, keep Lay Kay Kaw residents from returning," Myanmar Now, 19 December 2022.

၁၀၉။ Human Rights Watch (HRW), "Myanmar: Surging Landmine Use Claims Lives, Livelihoods," 20 November 2024.

၁၁၀။ "Myanmar's landmine clearers working with pliers and bare hands," Myanmar Now, 1 September 2023.

၁၁၁။ HRW, "Myanmar: Surging Landmine Use Claims Lives, Livelihoods," 20 November 2024.

၁၁၂။ UNICEF, "Myanmar Country Office: Humanitarian Situation Report No. 3," 30 April 2023, p. 4.

## မိုင်းအန္တရာယ်ပညာပေးလုပ်ငန်း

မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းကို UNICEF က ဦးဆောင်၍ မိုင်းအရေးဆောင်ရွက်နေသော ဝတ္တရားနယ်ပယ် (MA AoR) က တာဝန်ခံညှိနှိုင်းဆောင်ရွက်သည်။

၂၀၂၃ ခုနှစ်တွင် MA AoR သည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)၊ အဖွဲ့စုံပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (ICCG)၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေလုပ်ငန်းအဖွဲ့ (HCT)၊ မြန်မာနိုင်ငံ လူသားချင်းစာနာထောက်ထားမှု ရန်ပုံငွေအဖွဲ့ (MHF) တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန် လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း မိုင်း/ ERW ထိခိုက်သေဆုံးမှုများ သိသိသာသာ မြင့်တက်လာမှုကို တုံ့ပြန်သည့်အနေဖြင့် အဖွဲ့စုံပူးပေါင်းညှိနှိုင်းရေးအဖွဲ့သည် အစုအဖွဲ့ စနစ်တစ်ခုလုံးအတွင်း မိုင်းအန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများကို အဓိကလုပ်ဆောင်ခဲ့သည်။ ထိုသို့ အဓိကထားဆောင်ရွက်သဖြင့် မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းများ၏ ထိရောက်မှုနှင့် ပထဝီကျယ်ပြန့်မှု ပိုတိုးလာခဲ့သည်။[၁၁၃]

မိုင်းအန္တရာယ် ပညာပေးသင်တန်းများကို မိုင်းများများစားစား ပျံ့နှံ့နေသည်ဟု တင်ပြချက်ရှိသော ကျေးရွာများ၊ အိုင်ဒီပီစခန်းများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် ဦးစားပေးလုပ်ဆောင်ခဲ့သည်။[၁၁၄] ၂၀၂၂ ခုနှစ်တွင် UNICEF သည် မြန်မာနိုင်ငံအတွက် အရေးပေါ် မိုင်းအန္တရာယ်ဆိုင်ရာ ပညာပေးကိရိယာများကို တီထွင်ပေးခဲ့သည်။ သုံးစွဲသူများအား မိုင်း/ ERW ပျံ့နှံ့မှုမှ မည်သို့ လုံခြုံအောင်နေရမည်ကို သင်ကြားပေးမည့် မိုဘိုင်းအက်ပလီကေးရှင်းတစ်ခုလည်း ပါဝင်သည်။ UNICEF သည် လုံခြုံရေးဆိုင်ရာ သတင်းစကားများကို ဆိုရှယ်မီဒီယာကိုလည်းအသုံးပြု ဖြန့်ဝေခဲ့သည်။[၁၁၅]

၂၀၂၃ ခုနှစ် မေလတွင် ဆိုင်ကလုန်းမိုခါနှင့်တဆက်တည်းပါ ရေကြီးခြင်းကြောင့် မိုင်းနှင့် ERW များ နေရာ ပြောင်းသွားနိုင်သည့် အန္တရာယ်ပိုများစေခဲ့သည်။ ၂၀၂၃ ခုနှစ် မေလမှ ဇွန်လအထိ မှတ်တမ်းတင်မှုတွင် မိုင်းပေါက်ကွဲမှု ၆၀ ရာခိုင်နှုန်းခန့်သည် ဆိုင်ကလုန်းသင့်ဒေသများအတွင်းဖြစ်ခဲ့သည်ဟု UNICEF က အစီရင်ခံခဲ့သည်။[၁၁၆]

*မိုင်းအန္တရာယ်ပညာပေးခြင်းအတွက် ပစ်မှတ်ထားအုပ်စုများ*

၂၀၂၃ ခုနှစ်တွင် IDPs များ၊ နေရပ်ပြန်သူများ နှင့် မြန်မာနိုင်ငံရှိ ပဋိပက္ခဒဏ်သင့်လူမှုအသိုင်းအဝန်းများ သည် မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးရေးအတွက် အရေးပါသော ပစ်မှတ်အုပ်စုများဖြစ်သည်။ ရွာသားများသည် စားစရာလိုအပ်လာသည့်အခါ အန္တရာယ်ရှိသည့်နေရာများသို့ မဖြစ်မနေ ဝင်ရောက်ရသည့်အခါများတွင် ထိခိုက်ဒဏ်ရခဲ့ကြသည်။[၁၁၇] သတိပေး အမှတ်သမားများ မရှိခြင်းနှင့် လတ်တလောမိုင်းပြန့်နှံ့မှုများကြောင့် လုံခြုံမှုရှိမရှိကို မသိနိုင်ခြင်းသည်လည်း ဒေသခံ ပြည်သူများအတွက် အန္တရာယ်ကြီးကြီးမားမား ဖြစ်စေသည်။ အန္တရာယ်ရှိသော အုပ်စုများတွင် ဝေးလံခေါင်သီသော ဒေသများ၌ အမဲလိုက်ခြင်းနှင့် အစားအစာရှာထွက်ကြသော အမျိုးသားများလည်း ပါဝင်သည်။ သို့သော် ပညာပေးချိန်တွင် ကျေးရွာများ၌ အမျိုးသားများ မရှိခြင်းကြောင့် အမျိုးသားများအတွက် မိုင်းအန္တရာယ် ပညာပေးခြင်းသည် စိန်ခေါ်ချက် တစ်ခု ဖြစ်နေဆဲ ဖြစ်သည်။ အထူးသဖြင့် NSAG ထိန်းချုပ် နယ်မြေများတွင် ကန့်သတ်ချက်များ ကြောင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသား လူနည်းစုများထံ ရောက်ရှိရန် ခက်ခဲနေဆဲဖြစ်သည်။[၁၁၈]

ပဋိပက္ခဖြစ်ပွားရာဒေသများနှင့် IDP များ ပြန်လည်နေရာချထားသော သို့မဟုတ် ပြန်လည်ရောက်ရှိလာသည့် နေရာများတွင် ကလေးများအတွက် မိုင်း/ ERW အန္တရာယ်အလွန်များသည်။ အချို့ IDP စခန်းများတွင် မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးမှု ပံ့ပိုးရန် ကျောင်းဆရာ လုံလောက်မှု မရှိပေ။ ဘေးအန္တရာယ်ကင်းရှင်းရေး မက်ဆေ့ချ်အများစုကို ကျောင်းပြင်ပတွင်သာ ပေးခဲ့ရသည်။[၁၁၉] အထူးသဖြင့် အလှမ်းဝေးမှုနှင့် သင့်လျော်သော ရုပ်ဝတ္ထုပစ္စည်းများ မရှိခြင်းကြောင့် မသန်စွမ်းကလေးများထံ လက်လှမ်းမီရန် ခက်ခဲသည်။[၁၂၀]

---

၁၁၃။ UNICEF, "Myanmar: Humanitarian Situation Report (End of Year 2023)," 14 February 2024, p. 4.

၁၁၄။ UNOCHA, "Humanitarian Response Plan, Myanmar: End-Year Report 2022," 11 April 2023.

၁၁၅။ Geneva International Centre for Humanitarian Demining (GICHD), "Explosive Ordnance Risk Education Advisory Group: Minutes of the EORE AG Meeting," 8 March 2022.

၁၁၆။ UNICEF, "Myanmar Country Office: Humanitarian Situation Report No. 4," 30 June 2023, p.3.

၁၁၇။ HRW, "Myanmar: Surging Landmine Use Claims Lives, Livelihoods," 20 November 2024.

၁၁၈။ Mine Free Myanmar, "Landmine Monitor annual Myanmar/Burma Country Report 2023," December 2023, p. 23.

၁၁၉။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, Humanity & Inclusion (HI), 14 May 2020.

၁၂၀။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021.

*မိုင်းအန္တရာယ်ပညာပေးခြင်း နည်းလမ်းများ*

မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ အားနည်းခြင်းကြောင့် မြန်မာနိုင်ငံတွင် မိုင်းအန္တရာယ် ပညာပေးခြင်းသည် သီးခြားလုပ်ဆောင်ရသည့် လုပ်ငန်းတစ်ခုကဲ့သို့ ဖြစ်နေသည်။[၁၂၁] အကန့်အသတ်များစွာ ရှိသော်လည်း ၂၀၂၃ ခုနှစ်အတွင်း MA AoR သည် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထုအခြေပြုလူမှုအဖွဲ့အစည်းများစွာနှင့် ပါတနာပြုလုပ်ခြင်း၊ တိုက်ရိုက်ထိတွေ့ခြင်း၊ လူမှုမီဒီယာ၊ ရပ်ရွာစေတနာ့ဝန်ထမ်းများ အပါအဝင် ချန်နယ်များစွာမှတဆင့် အရေးကြီးသော လုံခြုံမှုသတင်းအချက်အလက်များ ပေးပို့ခဲ့သည်။[၁၂၂]

ယခင်က မြန်မာနိုင်ငံတွင် အန္တရာယ်ဆိုင်ရာ ပညာပေးဝေငှခြင်း၏ အဓိကနည်းလမ်းသည် လူချင်းတွေ့ ဆွေးနွေးမှုများနှင့် ပုံနှိပ်ပစ္စည်းများ ဖြန့်ဝေခြင်း ဖြစ်သည်။ သို့သော် ၂၀၂၂ ခုနှစ်မှစ၍ ဘေးကင်းလုံခြုံရေးမက်ဆေ့ချ်များကို ဖြန့်ဝေရန် နှင့် အန္တရာယ်ဆိုင်ရာအသိပညာပေး မိုဘိုင်းအက်ပလီကေးရှင်းကို မိတ်ဆက်ပေးရန်အတွက် လူမှုမီဒီယာ ပလပ်ဖောင်းများ အသုံးပြုခြင်းအပါအဝင် ပေးပို့မှုနည်းလမ်းအသစ်များ လက်ခံကျင့်သုံးခဲ့သည်။[၁၂၃] ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း မိုင်းအန္တရာယ်ပေးခြင်းလုပ်ငန်းသည် စည်းရုံးသိမ်းသွင်းမှု၊ ဆက်သွယ်ဆောင်ရွက်မှု၊ အရည်အချင်းမြှင့်တင်မှုဟူသော ရည်မှန်းချက်နှင့်အတူ နည်းလမ်းစုံသော၊ ဒေတာ အချက်အလက်ပါသော၊ လူမှုအသိုင်းအဝိုင်း တစ်ခုချင်းအလိုက် သီးခြားချည်းကပ်သော နည်းလမ်းများ အဖြစ်ပြောင်းလဲသွားသည်။[၁၂၄]

မိုခါဆိုင်ကလုန်း အပြီးတွင် UNICEF သည် MAG နှင့် ဒိန်းမတ်ဒုက္ခသည်ကောင်စီတို့ ပူးပေါင်းကာ မြေမြှုပ်မိုင်းဆက်စပ်သော အန္တရာယ်ရှိမှုများ အသိပညာပေးရန် အင်ဖိုဂရပ်ဖစ် များနှင့် အထောက်အကူပြုပစ္စည်းများကို ထုတ်လုပ်ခဲ့ပါသည်။[၁၂၅]

## မိုင်းသင့်ပြည်သူအကူအညီ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ တပ်မတော်က အရပ်သားအစိုးရကို ဖြုတ်ချခဲ့သည့်အချိန်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှု နှင့် လူ့အခွင့်အရေးနှင့်ဆိုင်ရာ ကိစ္စရပ်များသည် ဆက်လက်ယိုယွင်းပျက်ဆီးလာခဲ့သည်။[၁၂၆] လက်ရှိဖြစ်နေသော လက်နက်ကိုင်ပဋိပက္ခသည် ကျန်းမာရေးဝန်ဆောင်မှုများလုပ်ငန်းအတွက် ဝန်ထုတ်ဝန်ပိုးပိုဖြစ်စေသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုအဆောက်အအုံတချို့ ပျက်ဆီး သို့မဟုတ် ဖျက်ဆီးခံခဲ့ရသည်။[၁၂၇] ၂၀၂၃ ခုနှစ်တွင် မိုင်း/ ERW ထိခိုက်သေဆုံးမှုများ မြင့်တက်လာသဖြင့် ဆေးဝါးကုသရေး၊ ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ၊ လူမှုစီးပွားအထောက်အပံ့နှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ၊ အထူးသဖြင့် ကျေးလက်ဒေသများတွင် အသက်ရှင် ကျန်ရစ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စွမ်းရည်သည် လုံလောက်မှုမရှိခဲ့ပေ။

၂၀၂၄ ခုနှစ် ပထမ နှစ်ဝက်အတွင်း မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှု အခြေအနေသည် ကျေးလက်နှင့် မြို့ပြဒေသများတွင် လက်နက်ကိုင်တိုက်ပွဲများပြင်းထန်လာခြင်းကြောင့် ပို၍ ယိုယွင်းလာခဲ့သည်။ ပဋိပက္ခသည် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဟန့်အတားဖြစ်စေခြင်း၊ အဆောက်အအုံများ ပျက်စီးစေခြင်း၊ စစ်ဒဏ်သင့်ပြည်သူများကို လုံခြုံသောနေရာသို့ ပြောင်းရွှေ့ရန် အကန့်အသတ်ဖြစ်စေခြင်းများအပြင် စီးပွားရေးဖိအားများပါ ပို၍ သိသိသာသာ တိုးပွားစေသည်။[၁၂၈]

ကမ္ဘာတစ်ဝှမ်းရှိ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများကို တိုက်ခိုက်ခံရမှုများအပေါ် အစီရင်ခံတင်ပြသည့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုဖြစ်သည့် Insecurity Insight သည် မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်အတွင်း အနည်းဆုံး ကျန်းမာရေး အဆောက်အအုံ ၁၃၃ ခု ပျက်စီးခဲ့ပြီး ကျန်းမာရေးဝန်ထမ်း

---

၁၂၁။ Response to Monitor questionnaire by Geoff Moynan, Programme Manager, The HALO Trust Myanmar, 27 April 2020.

၁၂၂။ UNICEF, "Myanmar Country Office Humanitarian Situation Report No. 6," 18 August 2024, pp. 7–8.

၁၂၃။ UNICEF, "Myanmar: Humanitarian Situation Report No. 12," 13 February 2023.

၁၂၄။ UNICEF, "Myanmar: Humanitarian Situation Report (End of Year 2023)," 14 February 2024, p. 5.

၁၂၅။ UNICEF, "Myanmar: Humanitarian Situation Report (End of Year 2023)," 14 February 2024, p. 5.

၁၂၆။ Fabio Saini, "Myanmar's Military Regime Has Weaponized Public Health," The Irrawaddy, 6 November 2021; Global Health Partnerships, "Three years on from the military coup in Myanmar health workers are still being targeted," 1 February 2024; and Haar, Rohini J., Katerina Crawford, Larissa Fast, Than Htut Win, Leonard Rubenstein, Karl Blanchet, Louis Lillywhite, Nicholus Tint-Zaw, and Myo-Myo Mon. "'I will take part in the revolution with our people': a qualitative study of healthcare workers' experiences of violence and resistance after the 2021 Myanmar coup d'etat," Conflict and Health, 20 August 2024.

၁၂၇။ Insecurity Insight and Safeguarding Health in Conflict (SHCC), "Myanmar: Violence Against Health Care in Conflict 2022," 12 July 2023.

၁၂၈။ International Committee of the Red Cross (ICRC), "Myanmar: Operational Facts and Figures, January to June 2024," September 2024.

အနည်းဆုံး ၃၇ ဦး သေဆုံးခဲ့သည်ဟု အစီရင်ခံခဲ့သည်။ လိုအပ်ချက်များ အလွန်များပြားသော်လည်း စစ်အစိုးရက နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီများ ဝင်ရောက်ခွင့်ကို ကြိမ်ဖန် တလဲလဲ ကန့်သတ်ချုပ်ချယ်ထားကြောင်း ၎င်းက အစီရင်ခံခဲ့သည်။[၁၂၉]

နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC) သည် အမျိုးသားအဆင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာ တစ်ရပ်ကို ထူထောင်ရန် ဆက်လက်စည်းရုံးထောက်ခံခဲ့သည်။ ၂၀၂၄ ခုနှစ် ပထမခြောက်လအတွင်း ၎င်း၏ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးအစီအစဉ်မှတဆင့် ပံ့ပိုးပေးခဲ့သော မသန်စွမ်းသူများ (၂၄၀၅ ဦး အနက် ၈၅၃ ဦး) ၏ သုံးပုံတစ်ပုံကျော်သည် ပေါက်ကွဲစေတတ်သောပစ္စည်းများ အန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများ ပါဝင်သည်ဟု ICRC မှ အစီရင်ခံခဲ့သည်။[၁၃၀]

နိုင်ငံရေးအခြေအနေနှင့် ပဋိပက္ခများကြောင့် မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၏ တိုးတက်မှုများကို ရပ်ဆိုင်းစေခဲ့သည်။[၁၃၁] မြေမြှုပ်မိုင်းထိပြီး အသက်ရှင် ကျန်ရစ်သူများသည် ဆေးကုသမှုစရိတ် ကြီးမြင့်မှုကြောင့် ဆေးဝါးကုသမှုခံယူရာတွင် ကြီးမားသော ငွေကြေးဆိုင်ရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။

အရှေ့တောင်ပိုင်းတွင် အသက်ရှင်ကျန်ရစ်သူများ၏ လိုအပ်ချက်များ ပံ့ပိုးရန် လက်ရှိအထောက်အပံ့များ လုံလောက်မှု မရှိပေ။ မိုင်းသင့်ခံပြည်သူများနှင့် ၎င်းတို့၏ မိသားစုများ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးတို့ ကူညီရန် ရေရှည်အကူအညီပေးရေး အစီအစဉ်များလည်း ချို့တဲ့လျက်ရှိသည်။ မြေမြှုပ်မိုင်းထိ အသက်ရှင် ကျန်ရစ်သူ အများအပြားအတွက် လုံလောက်သော ထောက်ပံ့ကူညီမှု မရှိပါ။ အချို့မှာ သက်ဆိုင်သူများထံမှ အကန့်အသတ်ဖြင့်သာ အကူအညီ ရရှိနေကြပြီး၊ များသောအားဖြင့် ရွာသားများနှင့် ဆွေမျိုးများသည် လမ်းစရိတ်နှင့် ငွေကြေးအနည်းငယ် ပံ့ပိုးပေးတတ်ကြသည်။[၁၃၂]

*ဆေးဝါးကုသမှုနှင့် ပြန်လည်ထူထောင်ရေး*

မြန်မာနိုင်ငံတွင် အရေးပေါ်ဆေးပညာ သင်ကြားသည့် သမားတော် အနည်းငယ်သာရှိသည်။ ကျေးလက်ဒေသများတွင် အရေးပေါ် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာတင်ယာဉ်ဝန်ဆောင်မှုများ ချို့တဲ့လျက်ရှိပြီး မြို့ကြီးများတွင် ကျန်းမာရေး စောင့်ရှောက်မှုဌာနများသည် လုံလောက်သော အရေးပေါ်တုံ့ပြန်နိုင်စွမ်းမရှိကြပေ။ ဥပဒေ အသစ်နှင့် မတရား ကန့်သတ်ချက်များသည် စေတနာဝန်ထမ်းအကူအညီပေးနေသည့်အဖွဲ့များ၏ လုပ်ငန်းဆောင်တာ များကို အဟန့်အတား ဖြစ်စေပြီး မြန်မာနိုင်ငံရှိ မိုင်း/ ERW ဒုက္ခသည်များအတွက် ပံ့ပိုးကူညီမှုများကို အနှောင့်အယှက်ဖြစ်စေသည်။[၁၃၃] Monitor ၏ ဒေတာများအရ မြေမြှုပ်မိုင်းသင့် ပြည်သူများကို ပြည်သူဆေးရုံများတွင် အဓိက ကုသပေးခဲ့သည်ကို တွေ့ရသည်။ ၂၀၂၃ ခုနှစ်တွင် မိုင်းထိပြည်သူများကို မြန်မာနိုင်ငံအတွင်း အနည်းဆုံး ဆေးရုံ ဆေးခန်း ၆၃ ခုတွင် ကုသပေးခဲ့သည်။ တချို့ပြည်သူများသည် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ နှင့် ထိုင်းနိုင်ငံတို့တွင် ဆေးကုသမှု ခံယူခဲ့ကြသည်။[၁၃၄]

မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာကော်မတီ၏ သတင်းထုတ်ပြန်ချက်တွင် ကုလသမဂ္ဂ ကျွမ်းကျင်ပညာရှင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မိုင်း/ ERW သင့်ပြည်သူများ ဆေးဝါးကုသရေးနှင့် ခြေတုလက်တုများ ရရှိခွင့်ကို ပိတ်ပင်ထားသည်ဟု ဆိုသည်။ ကျွမ်းကျင်သူများက "၎င်းလုပ်ရပ်သည် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၁ နှင့် နှင့် စစ်ပွဲအတွင်း မသန်စွမ်းသူများကို အကာအကွယ်ပေးခြင်းဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၄၇၅" နှင့် ဆန့်ကျင်ကွဲလွဲသည်ဟု ကျွမ်းကျင်သူများက မှတ်ချက်ပြုခဲ့သည်။[၁၃၅]

---

၁၂၉။ Insecurity Insight, "Critical Condition: Violence Against Health Care in Conflict 2023". p.66.

၁၃၀။ ICRC, "Myanmar: Operational Facts and Figures, January to June 2024", September 2024.

၁၃၁။ Tual Sawn Khai, Minhaz Farid Ahmed, and Muhammad Asaduzzaman, "Examining the Vulnerability of Persons with Disabilities in Myanmar Pre and Post-COVID-19 and Military Coup," Disability & Society, 2 June 2024.

၁၃၂။ Karen Human Rights Group (KHRG), "Danger Beneath Our Feet - Landmine contamination in Southeast Burma and its impacts on villagers since the 2021 coup," 22 December 2023.

၁၃၃။ "'No remedy': A broken public health system fosters neglect and corruption," Frontier Myanmar, 8 August 2023; and "Junta tightens its grip on charities helping the dead and dying," Frontier Myanmar, 7 January 2023.

၁၃၄။ Monitor data is based on analysis from multiple sources. See also UN MIMU, Facilities Supporting Treatment of Civilian Mine Victims, 30 September 2024.

၁၃၅။ ကျွမ်းကျင်သူများမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် Tom Andrews နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Heba Hagrass တို့ ဖြစ်သည်။ OHCHR သတင်းထုတ်ပြန်ချက်၊ "Myanmar amputees under siege by junta landmines, harassment and blockades of prosthetics, say UN experts," 22 November 2024.

ကုလသမဂ္ဂ၏ အဆိုအရ ခြေတုလက်တုများ ထောက်ပံ့ပေးခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တားမြစ်ထားပြီး မိုင်း/ERW သင့်ပြည်သူများကို နှောင့်ယှက်ဖမ်းဆီးခြင်းများကြောင့် ၎င်းတို့ ပုန်းအောင်းနေရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် ခြေလက်များ ဆုံးရှုံးခြင်းကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ ထိခိုက် ဒဏ်ရာများကို တော်လှန်ခုခံစစ်လှုပ်ရှားမှုများတွင် ပါဝင်မှုကြောင့်ဟု ချိတ်ဆက် သတ်မှတ်ထားသည်။[၁၃၆] ဥပမာ မိုင်းထိ အသက်ရှင် ကျန်ရစ်သူ ညာဖက်ခြေထောက် ဖြတ်တောက်ခံရပြီး ဆေးရုံတင်ထားရချိန်တွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ လက်နက်ကိုင်တပ်ဖြစ်သော ပြည်သူ့ကာကွယ်ရေးတပ်နှင့်ဆက်စပ်သူဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ စစ်သားများက စွပ်စွဲခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) က အစီရင်ခံသည်။[၁၃၇]

ခရီးသွားကန့်သတ်ချက်များ နှင့် အကြမ်းဖက်မှုကို ကြောက်ရွံ့ခြင်းများကြောင့်လည်း မိုင်းသင့်ပြည်သူများကို ဆေးခန်းများနှင့် ဆေးရုံများတွင် ဆေးဝါးအကူအညီရရှိရန် အဟန့်အတားဖြစ်စေသည်။ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်းများသည် လိုအပ်ချက်စုစုပေါင်း၏ ၁၀% သာ လောက်ငသည်။ စင်တာအများစုသည် မြို့ကြီးများတွင် တည်ရှိသောကြောင့် ကျေးလက်ဒေသများတွင် နေထိုင်သော မိုင်း/ERW သင့်ပြည်သူများအတွက် ခရီးသွားလာစရိတ် ကြီးမားသောကြောင့် သွားလာရန်အကန့်အသတ်ဖြစ်စေသည်။[၁၃၈]

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ASEAN ဒေသဆိုင်ရာမိုင်းအရေးဆောင်ရွက်မှုဌာန (ARMAC) သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေပြည်တော်တွင် အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့ပြီး မိုင်းသင့်ပြည်သည်များ၏ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် စိတ်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို အဓိကထား၍ ဆွေးနွေးခဲ့သည်။[၁၃၉]

USAID ၏ Leahy War Victims Fund နှင့် Johns Hopkins Bloomberg School of Public Health ကျောင်းမှ ပံ့ပိုးကူညီမှုဖြင့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး (UNOPS) သည် အရပ်သားစစ်ဒဏ်ခံရသူများနှင့် မသန်စွမ်းသူများ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေးနှင့် အထောက်အကူပြုနည်းပညာ ဝန်ဆောင်မှုများ ရရှိစေရန် ပြည်တွင်း NGO များသို့ အသေးစား ထောက်ပံ့ကြေးများ ပေးအပ်ခဲ့သည်။[၁၄၀]

ကျန်းမာရေးစနစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှု၊ လက်တွေ့ဆောက်ရွက်မှုနှင့် တည်ဆောက်မှုအဖွဲ့ (ReLAB-HS)၏ မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ အတွက် လက်တွေ့ကျွမ်းကျင်မှုသင်တန်း အစီအစဉ်သည် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကန့်အသတ်ဖြစ်နေသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ပြင်ဆင်ထားခြင်း ဖြစ်သည်။ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် နောက်ဆက်တွဲဖြစ်ထွန်းမှုများကြောင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ ပိုမိုတိုးမြင့်လာခြင်း ကိစ္စရပ်များလည်း အပါအဝင်ဖြစ်သည်။[၁၄၁]

ICRC သည် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား ကျန်းမာရေး အဖွဲ့အစည်းများမှ လည်ပတ်နေသော ဆေးရုံများအပါအဝင် ဆေးရုံများနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူ ပစ္စည်းများကို ထောက်ပံ့ပေးခဲ့သည်။[၁၄၂] မိုခါဆိုင်ကလုန်း သက်ရောက်မှုနှင့် တိုက်ပွဲများ တိုးများလာခြင်းကြောင့် ဒေသခံပြည်သူများ၏ ပိုမိုတိုးပွားလာနေသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် နောက်ထပ် ဆေးရုံများကို ပံ့ပိုးပေးခဲ့သည်။ ICRC မှ ပံ့ပိုးပေးထားသော အဆောက်အဦးငါးခုကို ၂၀၂၃ ခုနှစ်

---

၁၃၆။ Vibhu Mishra, "Children and amputees bear brunt of Myanmar's deadly landmine epidemic," UN News, 22 November 2024.

၁၃၇။ KHRG, "Danger Beneath Our Feet - Landmine contamination in Southeast Burma and its impacts on villagers since the 2021 coup," 22 December 2023. ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်က အာဏာသိမ်းပြီးကတည်းက စစ်ဆန့်ကျင်ရေး တော်လှန်ရေးအဖွဲ့များ ပိုမို ပေါ်ပေါက်ခဲ့ပြီး အချို့မှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ဖြစ်လာခဲ့သည်။ အချို့ PDF အဖွဲ့များသည် အမျိုးသား ညီညွတ်ရေး အစိုးရ (NUG) ၏ စစ်ဆင်ရေးကွပ်ကဲမှုအောက်တွင် ရှိနေသော်လည်း၊ အချို့မှာ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်နွယ်သည်။ တချို့အဖွဲ့များက သီးခြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် လုပ်ဆောင်သည်။

၁၃၈။ ICRC, "Physical Rehabilitation Programme: 2018 Annual Report," August 2019, p. 45.

၁၃၉။ ASEAN Regional Mine Action Center (ARMAC), "National Consultation Workshop on Physical Rehabilitation and Mental Health Needs Support for Explosive Ordnance (EO) Victims in Myanmar ," 22 October 2024.

၁၄၀။ United States (US) Department of State Bureau of Political-Military Affairs (PM/WRA), "To Walk the Earth in Safety (2024)," 4 April 2024, p. 30. USAID ၏ ရန်ပုံငွေသည် ယခင်နှစ်ကထက် ပိုများသည်။

၁၄၁။ "Clinical skills training supports Physiotherapists in Burma to deliver quality rehabilitation services," Physiospot, 15 August 2023; and United States Agency for International Development (USAID) & Learning, Acting, and Building for Rehabilitation in Health Systems (ReLab H-S), "Integrating rehabilitation and assistive technologies into community programs: Lessons from Kayin State, Burma," 1 June 2024.

၁၄၂။ ICRC, "Annual Report 2023, Volume 2," 2024, pp. 284–285.

တွင်လည်း ဆက်လက်ပံ့ပိုးပေးသည်။ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပြုပြင်ရေးအလုပ်ရုံတစ်ရုံကို စတင်လည်ပတ်ခဲ့သည်။ ICRC သည် ၎င်းပံ့ပိုးပေးသည့် စင်တာများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးကိုပါ ဆက်လက်ဆောင်ရွက်ခဲ့သည်။[၁၄၃]

လူသားမျိုးနွယ်နှင့် ပေါင်းစည်းခြင်း (HI) သည် ရုပ်ပိုင်းဆိုင်ရာကုထုံး၊ အထောက်အကူပစ္စည်းများနှင့် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုအပါအဝင် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆက်လက်ပံ့ပိုးပေးခဲ့ပါသည်။[၁၄၄]

၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် နေထိုင်သည့် မိုင်း/ ERW အပါအဝင် မသန်စွမ်းသူများ ပိုများလာခြင်းကြောင့် အလုပ်အကိုင်၊ စားနပ်ရိက္ခာနှင့် လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများ ဆက်လက် အားနည်းနေကြောင်း ထုတ်ပြန်ခဲ့သည်။[၁၄၅]

*လူမှုစီးပွားနှင့် စိတ်ပိုင်းဆိုင်ရာ ထည့်သွင်းမှု*

ICRC သည် ပြန်လည်ထူထောင်ရေး စင်တာများတွင် အပတ်စဉ် အခမ်းအနားများကို စီစဉ်ပြီး ဘီးတပ်ကုလားထိုင် ဘတ်စကတ်ဘော ကစားသမားများအတွက် အွန်လိုင်း လေ့ကျင့်မှုများကို ဆက်လက် ပံ့ပိုးပေးခဲ့ပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ထိခိုက်လွယ်သောအုပ်စုများကြား အဆင့်မြင့်ပညာများရရှိရေးတို့ကိုလည်း ကူညီဆောင်ရွက်ပေးခဲ့ပါသည်။[၁၄၆]

*မသန်စွမ်းသူများထည့်သွင်းခြင်းဆိုင်ရာ ဥပဒေမူဘောင်များ သို့မဟုတ် မူဝါဒများ*

မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေ (၂၀၁၅) အရ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ တရားဝင် တန်းတူ အခွင့်အရေးနှင့် အခွင့်အလမ်းများ ရရှိခံစားခွင့်ရှိသည်။[၁၄၇] ဤဥပဒေသည် မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားသော်လည်း လက်တွေ့တွင် အဓိပ္ပာယ်ပြည့်ဝသော ပြဋ္ဌာန်းမှုမျိုးမရှိသည့်အပြင် မိုင်း/ERW သားကောင်များ အပါအဝင် မသန်စွမ်းသူများစွာသည် ခွဲခြားဆက်ဆံခြင်းကို ရင်ဆိုင်နေရဆဲဖြစ်သည်။[၁၄၈]

## မြန်မာနိုင်ငံ

၂၀၂၃ ခုနှစ်တွင် အလှူရှင်ကိုးဦးသည် မိုင်းအရေးလုပ်ရှားမှုအတွက် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃.၃ သန်း လှူဒါန်းခဲ့သည်။ ၎င်းလှူဒါန်းမှုသည် ၂၀၂၂ ခုနှစ်တွင် ပံ့ပိုးပေးခဲ့သော စုစုပေါင်း အလှူငွေ ဒေါ်လာ ၅.၁ သန်းထက် ၃၆% လျော့ကျသွားသည်။[၁၄၉]

နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများသည် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သော နိုင်ငံကတာကြက်ခြေနီအဖွဲ့ (ICRC)၊ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး (UNOPS) အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်သော မိုင်းရှင်းလင်းခြင်းနှင့် မိုင်းအချက်အလက်စစ်တမ်းကောက်ယူခြင်းလုပ်ငန်း၊ မိုင်းအန္တရာယ်အသိပညာပေးရေး နှင့် မိုင်းသင့်ပြည်သူအကူအညီ

၁၄၃။ ICRC Physical Rehabilitation Programme (PRP), "Annual Report 2023," 2024, p. 32.

၁၄၄။ HI, "Country card: Myanmar 2023," updated September 2023; HI, "Myanmar has fallen in a deep humanitarian crisis," 31 January 2022.

၁၄၅။ "Disabled people at Arakan State's IDP camps in need of assistance," Development Media Group, 23 March 2023.

၁၄၆။ ICRC PRP, "Annual Report 2023," 2024, p. 32.

၁၄၇။ "People with disabilities call for more legal protections, employment opportunities," Development Media Group, 3 December 2022.

၁၄၈။ US Department of State, Bureau of Democracy, Human Rights and Labor, "2022 Country Reports on Human Rights Practices: Burma," February 2023, p. 36.

၁၄၉။ Monitor ၏ မေးခွန်းများကို ပြန်လည်ဖြေကြားမှုများ- Uffe Troensegaard, Head of Section, Danish Ministry of Foreign Affairs, 4 July 2024; by Patrik Faber, Chargé de Mission, Luxembourg Ministry of Foreign Affairs, 28 June, 2024; by Catarina Fabiansson, Senior Programme Manager, Unit for Peace and Human Security, Swedish International Development Cooperation Agency (Sida), 8th July 2024; by Akifumi Fukuoka, Deputy Director, Conventional Arms Division, Japan Ministry of Foreign Affairs, 11 June 2024; by Fredrik Brogeland, First Secretary, Permanent Mission of Norway to Geneva, 11 October 2024; United Kingdom (UK) Mine Ban Treaty Article 7 Report (for calendar year 2023), Form J. See, Mine Ban Treaty Article 7 Database; Switzerland Convention on Cluster Munitions Article 7 Report (for calendar year 2023), Form I. See, Convention on Cluster Munitions Article 7 Database; European Commission, EU Aid Explorer; and United States, US Department of State, Bureau of Political-Military Affairs, Office of Weapons Removal and Abatement (PM/WRA), "To Walk the Earth in Safety: Fiscal Year 2023: 1 October 2022–30 September 2023," 4 April 2024.

ပေးခြင်း လုပ်ရှားမှုများအတွက် ရည်ရွယ် ပံ့ပိုးပေးခဲ့သည်။ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံး (UNOPS) သည် မိုင်းသင့်ပြည်သူ အကူအညီပေးခြင်းလုပ်ငန်းများအတွက် ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်း (NGOs) များသို့ အသေးစားထောက်ပံ့မှုများ ပံ့ပိုးပေးခဲ့သည်။

## နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများ - ၂၀၂၃[၁၅၀]

| အလှူရှင် | ကဏ္ဍ | ပမာဏ (သက်ဆိုင်ရာနိုင်ငံသုံးငွေ) | ပမာဏ (အမေရိကန်ဒေါ်လာ) |
|---|---|---|---|
| **ဂျပန်** | မိုင်းရှင်းလင်းခြင်း၊ စွမ်းရည်တည်ဆောက်၊ မိုင်းအန္တရာယ်ပညာပေး။ | ¥100,736,568 | 716,986 |
| **ဗြိတိန်** | မိုင်းအန္တရာယ်ပညာပေး။ | £532,205 | 662,063 |
| **အမေရိကန်ပြည်ထောင်စု မိုင်းသင့်ပြည်သူအကူအညီ** | မိုင်းသင့်ပြည်သူအကူအညီ | $500,000 | 500,000 |
| **ဆွစ်ဇာလန်** | စည်းရုံးလှုံ့ဆော်၊ မိုင်းအန္တရာယ်ပညာပေး၊ မိုင်းသင့်ပြည်သူအကူအညီ | CHF438,497 | 488,087 |
| **ဒိန်းမတ်** | မိုင်းအန္တရာယ်ပညာပေး | DKK2,410,950 | 349,920 |
| **လူဇင်ဘတ်** | မိုင်းအန္တရာယ်ပညာပေး၊ မိုင်းသင့်ပြည်သူအကူအညီ | €250,000 | 270,425 |
| **နော်ဝေ** | စစ်တမ်း၊ မိုင်းအန္တရာယ်ပညာပေး | NOK2,154,999 | 203,958 |
| **ဥရောပသမဂ္ဂ** | မိုင်းအန္တရာယ်ပညာပေး | €81,272 | 87,912 |
| **ဆွီဒင်** | မိုင်းရှင်းလင်းခြင်း၊ စစ်တမ်း | SEK194,346 | 18,319 |
| **စုစုပေါင်း** | - | **N/A** | **3,297,670** |

၁၅၀။ ၂၀၂၃ ခုနှစ်အတွက် ပျမ်းမျှငွေလဲနှုန်းများ။ CHF0.8984=US$1; DKK6.8900=US$1; €1=US$1.0817; NOK10.5659=US$1; £1=US$1.244; SEK10.6089=US$1; ¥140.5001=US$1; and. United States (US) Federal Reserve, "List of Exchange Rates (Annual)," 1 February 2024. ငွေကြေးလဲလှယ်မှုများကို အနီးဆုံး ဒေါ်လာ (US$) သို့ ပြောင်းလဲ ယူထားသည်။ အနီးစပ်ဆုံး ပမာဏသို့ မယူခင် ငွေအားလုံးကို စုစုပေါင်း အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ခဲ့သည်။

**မိုင်းအရေးလှုပ်ရှားမှုအတွက် ငါးနှစ်တာ ကူညီထောက်ပံ့မှု**

၂၀၁၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ပံ့ပိုးသောမိုင်းရှာဖွေရေးအကူအညီသည် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၉ သန်းကျော်ရှိပြီး တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅ သန်းဖြစ်သည်ဟု သဘောသတ်ရောက်သည်။

**နိုင်ငံတကာအကူအညီအကျဉ်းချုပ် ၂၀၁၉ - ၂၀၂၃**[၅၁]

| နှစ် | နိုင်ငံတကာ အကူအညီ (US$) |
|---|---|
| ၂၀၂၃ | 3,297,670 |
| ၂၀၂၂ | 5,134,970 |
| ၂၀၂၁ | 6,100,000 |
| ၂၀၂၀ | 4,118,868 |
| ၂၀၁၉ | 6,275,838 |
| **စုစုပေါင်း** | **24,927,346** |

**အကျဉ်းချုပ်** ။ ။ စာချုပ်အဖွဲ့ဝင် မဟုတ်သည့် မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ရေးသဘောတူစာချုပ်တွင် ပါဝင်ရန် စိတ်ပါဝင်စားကြောင်း ဖော်ပြသော်လည်း စာချုပ်အဖွဲ့ဝင်ဖြစ်ရန် တစ်စုံတစ်ရာ ဆောင်ရွက်ခြင်းမရှိသေးပေ။ ၂၀၂၂ ခုနှစ် သဘောတူစာချုပ်အစည်းအဝေးတွင် ပါဝင် တက်ရောက်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် စာချုပ်ကိုမြှင့်တင်အားပေးသည့် နှစ်စဉ် ကုလသမဂ္ဂအထွေထွေညီလာခံ (UNGA) ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့သည်။

ယခင်က မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို မည်သည့်အခါမှ အသုံးမပြု၊ ထုတ်လုပ်၊ သို့မဟုတ် လွှဲပြောင်းပေးခြင်း မရှိဟု ဆိုခဲ့သည်။ သို့သော်လည်း ၎င်း၏တပ်ဖွဲ့များသည် ၂၀၂၂ ခုနှစ်ကတည်းက ပြည်တွင်း၌ ထုတ်လုပ်သည့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို အသုံးပြုနေကြောင်း အထောက်အထားများ ထွက်ပေါ်လာခဲ့သည်။ မြန်မာနိုင်ငံသည် အဆိုပါ လက်နက်သည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ မဟုတ်ကြောင်း ငြင်းဆိုထားသည်။

**မူဝါဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှုတားမြစ်ရေးသဘောတူစာချုပ်ကို လက်ခံသဘောတူထားခြင်း မရှိပါ။[၅၂]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီ (နစက) ဦးဆောင်သော အိမ်စောင့်အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်များက ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် အတိုက်အခံ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အဝေး တစ်နေရာတွင် ဖွဲ့စည်းခဲ့သည်။[၅၃]

---

၅၁။ ယခင်အစီရင်ခံစာကိုကြည့်။ Support for Mine Action country profiles. ICBL-CMC, "Country Profiles: Myanmar," undated; and ICBL-CMC, "Country Profiles: Myanmar (archives)," undated.

၅၂။ ယခင်တပ်မတော်အစိုးရက နိုင်ငံအမည်ကို Burma မှ Myanmar သို့ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုး အများအပြားနှင့် အခြားနိုင်ငံ များက ယခုထိ Burma ဟု ဆက်လက်ရည်ညွှန်းခေါ်ဆိုကြသည်

၅၃။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အိမ်စောင့်အစိုးရကို မြန်မာတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားလှယ်များက သဘောတူစာချုပ်ကို စိတ်ဝင်စားကြောင်း ယခင်က ထုတ်ဖော်ပြောဆိုမှုများ ရှိခဲ့သော်လည်း စာချုပ်တွင် ပါဝင်လာရန် တစ်စုံတစ်ရာဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပေ။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံက အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ပြီးမှသာ၊ စာချုပ် မချုပ်ဆိုနိုင်သေးသ၍ သဘောတူစာချုပ်သို့ ၎င်းအနေဖြင့် ဝင်ရောက်နိုင်ခြင်းမရှိသေးကြောင်း ထပ်ခါတလည်းလည်း ပြောဆိုခဲ့သည်။[၁၅၄] မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအား "ပစ်မှတ်မခွဲခြားဘဲသုံးစွဲခြင်း" နှင့် ယင်းက "လုံခြုံမှုကင်းမဲ့စေခြင်း နှင့် ဆိုးဝါးသောလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သက်ရောက်မှုများ" ဆီသို့ ဦးတည်သွားနိုင်သည့်အတွက် ၎င်းအနေဖြင့် စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။[၁၅၅]

မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းတွင် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ အသုံးပြုမှုတားမြစ်ခြင်း သဘောတူစာချုပ်ကို ဖန်တီးသည့် အော်စလိုလုပ်ငန်းစဉ်၏ ဒေသဆိုင်ရာ အစည်းအဝေးတွင် ပါဝင်ခဲ့သည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပသည့် အခြား ဒေသဆိုင်ရာ ညီလာခံသို့လည်း တက်ရောက်ခဲ့သည်။

မကြာသေးမီက ၂၀၂၂ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း ဂျီနီဗာတွင် ကျင်းပခဲ့သော ဆယ်ကြိမ်မြောက် အစည်းအဝေးများတွင် မြန်မာနိုင်ငံက လေ့လာသူအဖြစ် ပါဝင်ခဲ့သည်။[၁၅၆] မြန်မာနိုင်ငံသည် အဆိုပါညီလာခံတွင် ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲများကိုပါတက်ရောက်ခဲ့သည်။[၁၅၇]

၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် UNGA ၏ အရေးကြီးဆုံးဖြတ်ချက်ဖြစ်သော "တတ်နိုင်သမျှအမြန်ဆုံး ပူးပေါင်းပါဝင်ရန်" ကွန်ဗင်းရှင်းအပြင်ဘက်ရှိ နိုင်ငံများကို တိုက်တွန်းသည့် ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့သည်။[၁၅၈] ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံသည် သဘောတူစာချုပ်ကိုမြှင့်တင်သည့် နှစ်စဉ်ဆုံးဖြတ်ချက်ကို ပထမဆုံးအကြိမ်အဖြစ် ထောက်ခံမဲ ပေးခဲ့သည်။ ၂၀၁၅ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ မြန်မာနိုင်ငံသည် မဲ မပေးပဲ နေလာခဲ့သည့် နိုင်ငံလည်း ဖြစ်သည်။

## ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများကို တင်သွင်းခြင်း သို့မဟုတ် ရယူခြင်းများ ယခင်က လုပ်ဆောင်ခဲ့ဖူးခြင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ သိုလှောင်ထားခြင်း ရှိမရှိကို ရှင်းလင်းစွာ မသိရပေ။[၁၅၉] မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်သည်ဟု မသိခဲ့ပေ။ သို့သော် ၂၀၂၃ ခုနှစ်တွင် ထွက်ပေါ်လာသော အထောက်အထားများအရ မြန်မာစစ်တပ်သည် ၂၀၂၁ ခုနှစ်မှ စ၍ ထပ်ဆင့်ပေါက်ကွဲစေသော ဗုံးများထုတ်လုပ်ထားပြီး ဖြစ်နိုင်သည့်အပြင် နိုင်ငံအတွင်း တိုက်ပွဲအများအပြားတွင် အသုံးပြုခဲ့သည်။[၁၆၀] ဤ ထပ်ဆင့်ပေါက်ကွဲစေသောခဲယမ်း

---

၁၅၄။ Myanmar Explanation of Vote on Resolution A/C.1/L.46, UNGA First Committee on Disarmament and International Security, New York, 6 November 2019.

၁၅၅။ Myanmar Explanation of Vote on Resolution L.41, UNGA First Committee on Disarmament and International Security, New York, 31 October 2017. UNGA, Official Records, A/C.1/72/PV26, pp. 18–19 and 29. Myanmar has made similar statements on previous occasions. See, statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 15 October 2015; statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 30 October 2013; and statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 24 October 2012.

၁၅၆။ မြန်မာနိုင်ငံသည် ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ညီလာခံ နှင့် ၂၀၁၂ ခုနှစ် ညီလာခံ တွင် လေ့လာသူ အဖြစ် ပါဝင် ခဲ့ပြီး ၂၀၂၀ ခုနှစ် နိုဝင်ဘာလ နှင့် ၂၀၂၁ ခုနှစ် စက်တင်ဘာလတို့တွင် ကျင်းပ ခဲ့သော ဒုတိယအကြိမ် ပြန်လည် သုံးသပ်ခြင်း ညီလာခံများလည်း ပါဝင်ခဲ့ပါသည်။

၁၅၇။ Permanent Mission of the Philippines to the United Nations (UN) in Geneva press release, "Philippines hosts webinar to promote Convention on Cluster Munitions among ASEAN Member States," 29 July 2020.

၁၅၈။ "Implementation of the Convention on Cluster Munitions," UNGA Resolution 78/32, 4 December 2023.

၁၅၉။ မြန်မာနိုင်ငံတွင် 122mm Type-81၊ Type-90B နှင့် M1985 240mm မြေပြင်မှ မြေပြင်ပစ်ဒုံးပစ်လောင်ချာများ ပိုင်ဆိုင်ထားသော်လည်း ၎င်းတို့တွင် ဒုံးကျည်ပစ်လွှတ်နိုင်သော ဗားရှင်းများ ပါဝင်ခြင်း ရှိမရှိ မသိရသေးပါ။ See, Myanmar Defense Weapons, "Some modern military weapons of Myanmar Army," 20 March 2014; and Hla Oo's Blog, "Burma Army's MRLS or Multi Rocket Launcher Systems," 23 March 2014.

၁၆၀။ Landmine and Cluster Munition Monitor, "Briefing Paper: Cluster Munition Production and Use in Myanmar/Burma," 31 August 2023.

များသည် 120 mm မော်တာကျည်ဆံများတွင် ထပ်ဆင့်လေကွဲ လက်နက်များ အဖြစ်ထည့်သွင်းထားသော ဝေဟင်ပစ်ဗုံးဖြစ်သည်။ ထပ်ဆင့်ပေါက်ကွဲဗုံးတစ်ခုစီတွင် ထိတွေ့မှုကြောင့် ပေါက်ကွဲစေသည့် ဖီ့ဇ် နှင့် ချိတ်တွဲထားသော ပလပ်စတစ် ဒလက်တစ်ခုပါရှိသည်။ ထပ်ဆင့်ပေါက်ကွဲဗုံးထိပ်ဖူးတစ်ခုတွင် အတွင်း ကိုယ်ထည် တွဲလျက် ထိပ်ဖူးငယ် ၁၂ ခုစီပါသည်။ ၎င်းအချက်များသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်ပစ္စည်းများ တားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်ပါ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက်နှင့် ကိုက်ညီသည်။ (အောက်ပါ အခန်းကို ကြည့်)

နိုင်ငံပိုင် မြန်မာ့ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုစက်ရုံ (ကပစ) သည် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ စက်ရုံခွဲ DI-21 စက်ရုံတွင် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်ပြီး မကွေးတိုင်းဒေသကြီး ဆင်တဲမြို့နယ် DI-3 စက်ရုံတွင် လက်နက်အစိတ်အပိုင်းများ ထုတ်လုပ်ခဲ့သည်။

၂၀၂၄ ခုနှစ် မတ်လတွင် ဂျီနီဗာ အခြေစိုက် မြန်မာအမြဲတမ်းမစ်ရှင်က ဤလက်နက်သည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများမဟုတ် ငြင်းဆိုထားပြီး "ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှု စွပ်စွဲချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံက အသုံးပြုသည့် စစ်လက်နက်ပစ္စည်းများသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်ပစ္စည်းများ တားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသောထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများဆိုင်ရာ လက္ခဏာများ"နှင့် ကိုက်ညီမှုမရှိဟု ထုတ်ပြန်ချက်တွင် ငြင်းဆိုခဲ့သည်။[၁၆၁]

လွန်ခဲ့သည့်ဆယ်စုနှစ်များ၌ မြန်မာနိုင်ငံတွင် မဆိုသလောက်သော ထပ်ဆင့်ပေါက်ကွဲစေသော ဗုံးအသုံးပြုမှုကို မှတ်တမ်းပြုထားသော်လည်း မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်များ ထုတ်လုပ်ခြင်း သို့မဟုတ် အသုံးပြုခဲ့ကြောင်း မသိရှိပါ။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင်မြန်မာနိုင်ငံအရှေ့မြောက်ဖက်ခြမ်းတွင် ရပ်တည်လှုပ်ရှားနေသော ကချင်လွတ်လပ်ရေး တပ်မတော် (KIA)က  တပ်မတော်သည် ကချင်ပြည်နယ် လိုင်ဇာမြို့အနီးတွင် ခေတ်မီ ထပ်ဆင့်ပေါက်ကွဲစေသောဗုံးများနှင့် ပုံစံတူသော လက်နက်ပောင်းကို အသုံးပြုခဲ့သည်ဟု စွပ်စွဲထားသည်။[၁၆၂] လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) မှ သုံးသပ်ထားသော ဓာတ်ပုံများတွင် ပြသထားသည့် "အဒတ်ပတာ" နှင့် ပေါင် ၂၀ အလေးချိန်ရှိသော ဖြန့်ထွက်ဗုံးများသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများတားမြစ်ခြင်းသဘောတူစာချုပ်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီနိုင်ကြောင်း Monitor မှ တွေ့ရှိခဲ့သည်။[၁၆၃]

၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံက ၎င်းသည် " ဤသဘောတူစာချုပ်အရ တားမြစ်ထားသော ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို အသုံးပြုခြင်း၊ တီထွင်ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်းတို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မည်သူ့ကိုမျှ ပါဝင်ပတ်သက်ရန် အားပေးကူညီခြင်း သို့မဟုတ် သွေးဆောင်ခြင်း မပြုလုပ်" ဟု ဒေသဆိုင်ရာအစည်းအဝေးတစ်ခုတွင် ပြောဆိုခဲ့သည်။[၁၆၄]

---

၁၆၁။ Permanent Mission of the Republic of the Union of Myanmar in Geneva, "Myanmar's Observations on the report entitled 'Situation of Human Rights in Myanmar'," 15 March 202။ ယင်းလက်နက်ကို ထပ်ဆင်ပေါက်ကွဲကျည်ဆန်ဟု သတ်မှတ်ဖော်ပြထားခြင်းမရှိပေ။  See, Facebook post by Khit Thit Media, 23 April 2023.

၁၆၂။ "Burma army allegedly uses cluster bombs to take KIO position," မြန်မာ့သတင်း နိုင်ငံတကာသတင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၈ ရက်၊ ၂၀၁၃ ခုနှစ်   ဧပြီလ ၁၉ ရက်နေ့တွင် ကချင်အမျိုးသားကောင်စီ (KNC) ၏ လက်ထောက်အတွင်းဝန်က အမည်မသိ ဝေဟင်ပစ်ဗုံးအမျိုးအစားကို ပြသထားသည့် ဓာတ်ပုံများကို CMC သို့ ပေးပို့ခဲ့ကြောင်း၊ KIA ၏ ဗျူဟာမြောက် ကင်းစခန်းများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ ရက်တို့တွင် မြန်မာ့လေတပ်မှ လေကြောင်းတိုက်ခိုက်မှုများအတွင်း ပေါင် ၂၀ ဖြန့်ခွဲ ဗုံးများကို အသုံးပြုခဲ့သည်။ KNC ၏ အဆိုအရ "ဤအမျိုးအစားကို မြန်မာပြည်ပြည်တွင်းစစ်တွင် ယခင်က တစ်ခါမှ အသုံးမပြုခဲ့ဖူးပါ။ ဓာတ်ပုံများတွင် CMC ထံသို့ ပေးပို့သော အီးမေးလ်တွင် ပါဂင်သော ဒုတိယ အတွင်းဝန် ဦးခွန်ထို့ကို၊ KNC၊ 19 ဧပြီ 2013။

၁၆၃။ မြန်မာ အစိုးရ တပ်ဖွဲ့များသည် ဖြန့်ခွဲ ဗုံးခြောက်လုံးအား အဒက်တာတွင် တပ်ဆင်ခဲ့ကြောင်း အထောက်အထားများ ရှိပြီးနောက် ဝေဟင်မှ  ကျဲချသည့်ဗုံးအဖြစ်အသုံးပြုသည့် အထောက်အထားများ ရှိသည်။ ဓာတ်ပုံများတွင် အမေရိကန်ပြည်ထောင်စု မှထုတ်လုပ်သော M1 cluster adapter နှင့် ပုံစံ ဆင်တူသည့် သတ္တုမြွှန်အပိုင်းကို ပြသထားသည်။ သေးငယ်သော ဖြန့်ခွဲဗုံးများကို ဒုတိယကမ္ဘာစစ်ခေတ် လက်နက်ခဲယမ်းများထက် ပိုမိုခေတ်မီသော ဒီဇိုင်းဖြစ်သည်။ အမည်မဖော်လိုသူ တပ်မတော်အရာရှိတစ်ဦးက အဆိုပါလက်နက်ကို မြန်မာနိုင်ငံတွင် ထုတ်လုပ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ ထို့အပြင် အဆိုပါ လက်နက်များတွင် မြန်မာ့တပ်မတော်မှ အသုံးပြုသည့် အမှတ်အသားများဖြစ်ကြောင်း တပ်မတော်အမြောက်တပ်ဖွဲ့မှ အရာရှိဟောင်းတစ်ဦးက အတည်ပြုပြောကြားသည်။

၁၆၄။ Statement of Ye Minn Thein, Ministry of Foreign Affairs, Regional Conference on the Promotion and Universalization of the Convention on Cluster Munitions, Bali, 16 November 2009.

**အသုံးပြုမှု**

ယခင်က မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုခြင်းကို ငြင်းဆိုထားသည်။ ၂၀၁၅ ခုနှစ်တွင် UNGA ၌ မြန်မာနိုင်ငံက " ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများကို.... စစ်ဆင်ရေးများတွင် ဘယ်သောအခါမှ အသုံးမပြုပါ" ဟု ပြောကြားခဲ့သည်။[၁၆၅]

၂၀၂၂ ခုနှစ်မှကတည်းမှစ၍ ၂၀၂၃ ခုနှစ် ဇွန်လ မှ ၂၀၂၄ ခုနှစ် ဧပြီလနောက်ဆုံးအချိန်အထိ မြန်မာစစ်တပ်သည် နိုင်ငံအနှံ့ အပြားတိုက်ခိုက်မှုများတွင် ပြည်တွင်းထုတ် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုခဲ့ကြောင်း အထောက်အထားများ ထွက်ပေါ်လာခဲ့သည်။

၂၀၂၂ ခုနှစ်မှစ၍ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုမှုကို ချင်း၊ ကယား၊ ရခိုင်၊ ရှမ်းပြည်နယ် နှင့် စစ်ကိုင်းတိုင်းဒေသကြီးများအတွင်း လေကြောင်းတိုက်ခိုက်မှု သက်သေအထောက်အထားများ၊ ပြောဆိုချက်များနှင့် လက်နက်အစ ဓါတ်ပုံများတွင် တွေ့ရှိနိုင်သည်။

၂၀၂၄ ခုနှစ် ဧပြီလ ၃ ရက်နေ့ ချင်းပြည်နယ် မင်းတပ်မြို့နယ် အောက်ချိုင်းကျေးရွာ လေကြောင်းတိုက်ခိုက်မှုတွင် စစ်တပ်က ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်ပစ္စည်းများကို အသုံးပြုခဲ့သည်ဟု ပြောဆိုချက်များရှိသည်။[၁၆၆] မြန်မာစစ်တပ်က ၎င်းကျေးရွာကို တိုက်ခိုက်ခြင်းမရှိကြောင်း ငြင်းဆိုထားသည်။[၁၆၇] လတ်တလော ၂၀၂၂ စစ်တပ်က၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် သပြေကန်ကျေးရွာ လေကြောင်းတိုက်ခိုက်မှုအပြီး ရရှိသည့် ဓါတ်ပုံများအရ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အစအနများကို တွေ့ရသည်။[၁၆၈]

၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများဖြင့်တိုက်ခိုက်မှု အများအပြား ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ၂၀၂၃ ခုနှစ် ဇွန် ၆ ရက်နေ့ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကေတုံကျေးရွာ အုပ်စုတွင် လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ရရှိသည့် ဓာတ်ပုံများတွင် ပျက်စီးသွားသော စာသင်ကျောင်းတစ်ကျောင်းအတွင်း ဗုံးအကြွင်းအကျန်များကို တွေ့ရှိရသည်။[၁၆၉] ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အား မြန်မာစစ်တပ် တိုက်ခိုက်မှုတွင် ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများ အသုံးပြုခဲ့ကြောင်းနှင့် ၎င်းတိုက်ခိုက်မှုကြောင့် ဒေသခံတစ်ဦးသေဆုံးကာ ငါးဦးဒဏ်ရာရပြီး နေအိမ်များ ပျက်စီးခဲ့ကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) ၏ စုံစမ်းမှုအရသိရသည်။[၁၇၀]

၂၀၂၃ ခုနှစ် ဧပြီလ ၂၅ ရက်တွင် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် ဆောင်းပွေကျေးရွာရှိ ဆေးရုံတစ်ရုံကို လေတပ်က တိုက်ခိုက်ခဲ့ပြီးနောက် ထပ်ဆင့်ပေါက်ကွဲဗုံးအကြွင်းအကျန်များ တွေ့ရှိခဲ့ပြီး ဆရာဝန်နှစ်ဦးအပါအဝင် လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။[၁၇၁] အဆိုပါ တစ်ရက်တည်းတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် မယ်ကနော် ကျေးရွာအနီး လေတပ်က ထပ်ဆင့်ပေါက်ကွဲ ဗုံးတစ်လုံး ချခဲ့သဖြင့် အရပ်သားပြည်သူ လေးဦး ဒဏ်ရာရခဲ့သည်။[၁၇၂]

၂၀၂၃ ခုနှစ် ဧပြီလ ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ထိခိုက်သေဆုံးမှုများရှိခဲ့သည့် နောက်ထပ် တိုက်ခိုက်မှုတွင်လည်း ထပ်ဆင့်ပေါက်ကွဲ ဗုံးအသုံးပြုမှု ပါဝင်သည်။ အရပ်သား ၁၃ ဦး ဒဏ်ရာရရှိခဲ့သည့် ၂၀၂၂ ခုနှစ် ဇူလိုင်လ လေကြောင်း တိုက်ခိုက်မှုအပြီး ရရှိခဲ့သည့် ထပ်ဆင့်ပေါက်ကွဲဗုံးအကြွင်းအကျန်များသည် ယခင် ၎င်းမြို့နယ်တွင်ပင် ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုင်ငံတကာ လွတ်

၁၆၅။ Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 15 October 2015.

၁၆၆။ "Mintang Township, Air bombardment of Okchai village by the army," Khit Thit Media, 5 April 2024.

၁၆၇။ "Subversive media circulate misinformation about Aukchai village in Mindat," Myanmar News Agency, 7 April 2024.

၁၆၈။ Facebook post by Narinjara News, 9 January 2024.

၁၆၉။ Facebook post by Karen National Union (KNU), 7 June 2023. Subsequent correspondence on Signal with a KNLA officer, 20 June 2023. The KNLA officer requested anonymity.

၁၇၀။ Amnesty International, "Myanmar: Military should be investigated for war crimes in response to 'Operation 1207,'" 21 December 2023.

၁၇၁။ တိုက်ခိုက်မှု တစ်ခုတည်းအတွင်း တခြားလက်နက်များကြောင့် ထိခိုက်မှုများလည်းရှိခဲ့သည်။ Facebook post by Karenni Human Rights Group, 25 April 2023; နှင့် Karenni Human Rights Group နှင့် the Monitor အကြား အီးမေးအပြန်အလှန်ရေးသားမှု၊ 2023.

၁၇၂။ ၂၀၂၃ ခုနှစ် မေလ ၈ ရက်နေ့မှ ၁၁ ရက်နေ့အထိ Signal မှတဆင့် KNLA အရာရှိတစ်ဦးမှ Monitor သို့ပေးပို့လာသော သက်သေ ဓာတ်ပုံများ။ KNLA အရာရှိ၏ အမည်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိပါ။

ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ပြောဆိုသည်။[၁၇၃]

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၇ ရက်နေ့အတွင်း ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကွန်သာ၊ နမ့်မဲကန်နှင့် ဝါရစ်စူပလီးယားကျေးရွာများအနီး မြန်မာလေတပ်၏ ပုံးကြဲတိုက်ခိုက်မှုတွင် မျက်မြင်သက်သေများက ထပ်ဆင့်ပေါက်ကွဲဗုံးများအသုံးပြုကြောင်း ညွှန်ပြနေသည့် ပေါက်ကွဲသံများစွာကြားခဲ့ရကြောင်း နောက်ပိုင်းတွင် ထပ်ဆင့်ပေါက်ကွဲဗုံးစများ တွေ့ရှိခဲ့ကြောင်း သိရသည်။"လေယာဉ်က Yak 130 အမျိုးအစားဖြစ်ပြီး ဒဏ်ရာရရှိသူ ၂၀ ကျော်နဲ့ ၇ ဦး သေဆုံးခဲ့ပါတယ်။ တခြားသူတွေလည်း သာမန်ဗုံးတွေနဲ့ ရော့ကတ်တွေထိလို့ သေဆုံးခဲ့ပါတယ်"ဟု ၎င်းဗုံးကြဲခံရသည့် နေရာသို့ရောက်နေသည့် လူသားချင်းစာနာမှုအထောက်အကူပြုလုပ်သားတစ်ဦးက Monitor သို့ ပြောပြခဲ့သည်။[၁၇၄]

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် ထိုင်းနယ်စပ်နှင့်ကပ်လျက် ကရင်ပြည်နယ် မြဝတီမြို့နယ် ပီလောင်ကျေးရွာတွင် ၂၀၂၂ ခုနှစ် ဧပြီ တိုက်ခိုက်မှုအတွင်း ပြည်တွင်းထုတ် ထပ်ဆင့်ပေါက်ကွဲဗုံးဟု ယူဆရ သော ဗုံးအစအနများ၏ ဓာတ်ပုံများကို ထုတ်ပြန်ခဲ့သည်။[၁၇၅]

၂၀၂၂ ခုနှစ် မေလတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးနှင့် မင်းကင်းမြို့နယ်များတွင် ၂၀၂၂ ခုနှစ် မေလ ၁၄, ၁၅ နှင့် ၂၀ ရက်နေ့များ တိုက်ခိုက်မှုများမှ ကျန်ရစ်ခဲ့သော ထပ်ဆင့်ပေါက်ကွဲစေသောဗုံးအစအန ဓါတ်ပုံများကို ဒေသတွင်း သတင်းဌာန တစ်ခုက ထုတ်ပြန်ခဲ့သည်။[၁၇၆]

မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ် သောမတ်စ် အိတ်ချ် အင်ဒရူး၏ 2024 ခုနှစ် မတ်လ အစီရင်ခံစာတွင် "ဓာတ်ပုံနှင့် ဗီဒီယို အထောက်အထားများအရ ၁၀၂၇ စစ်ဆင်ရေးအပါအဝင် စစ်ဆင်ရေးများတွင် မြန်မာစစ်တပ်သည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ဆက်လက်အသုံးပြုနေခြင်းကြောင်း ညွှန်ပြနေသည်။ မြန်မာစစ်တပ်သည် အရပ်သားများနေထိုင်ရာ နေရာများသို့ လုံးဝခွဲခြားမှုမရှိ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများအသုံးပြုတိုက်ခိုက်နေခြင်းသည် စစ်ရာဇဝတ်မှုမြောက်သည်။"[၁၇၇]

ဂျီနီဗာမြို့အခြေစိုက် မြန်မာအမြဲတမ်းမစ်ရှင်က ၎င်းသည် "အစိုးရကို ဂုဏ်သိက္ခာချသည့် အခြားနည်းလမ်းတစ်ခု"[၁၇၈] ဟု ခေါ်ဆိုလိုက်ပြီး အစီရင်ခံစာကို တုံ့ပြန် ကြေငြာချက်ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံက အဆိုပါ တိုက်ခိုက်မှုများကို ငြင်းဆိုခြင်း မရှိသော်လည်း ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်းများ အသုံးပြုခြင်းကို ငြင်းဆိုခဲ့သည်။ "ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်းများ အသုံးပြုမှု စွပ်စွဲချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံက အသုံးပြုသည့် စစ်လက်နက်ခဲယမ်းများသည် ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်းများ တားမြစ်ခြင်းသဘောတူစာချုပ်က ပြဌာန်းထားသော လက္ခဏာသတ်မှတ်ချက်အတွင်း ကျရောက်ခြင်း မရှိ။ " ဟု ပြောဆိုသည်။

---

၁၇၃။ Amnesty International, "Deadly Cargo: Exposing the Supply Chain that Fuels War Crimes in Myanmar," နိုဝင်ဘာ 2022၊ စစ ၂၈-၂၉။ ကရင်နီပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုပြီးနောက် မှတ်တမ်းတင်ထားသော 'splatter' ပုံစံကို Monitor မှ မော်တာတိုက်ခိုက်မှုအဖြစ် သတ်မှတ်ခဲ့သည်။ ၎င်းအား ဝေဟင်မှကြဲချထားသည့် ထပ်ဆင့်ပေါက်ကွဲဗုံးမှ ကျည်ဆန်တစ်ခုဟု အစီရင်ခံစာတွင် ယူဆထားသည်။

၁၇၄။ Email correspondence with David Eubanks, Founder, Free Burma Rangers (FBR), 21–23 May 2023.

၁၇၅။ KHRG, "Bombs and Bullets Like Rain: Air strikes in the 'peace town' and places of refuge in Dooplaya District, December 2021 to May 2022," 23 December 2022. ရှု။ ပေါက်ကွဲမှုအပြီး ကျန်ခဲ့သည့် ထပ်ဆင့်ပေါက်ကွဲဗုံး၏ အမြီး၊ နှုတ်သီး နှင့် ကိုယ်ထည်အပျက် ဓါတ်ပုံများ။ စာ ၁၀။ KHRG ဗုံးအမျိုးအစားကို ခွဲခြားဖော်ပြခြင်းမရှိ။

၁၇၆။ "Military Council attacks with devastating, domestically produced bombs in Sagaing," The Irrawaddy (in Burmese), 31 May 2022.

၁၇၇။ Human Rights Council, "Report on the situation of human rights in Myanmar by Special Rapporteur on the situation of human rights in Myanmar, Thomas H. Andrews," A/HRC/55/65, 20 March 2024.

၁၇၈။ Permanent Mission of the Republic of the Union of Myanmar in Geneva, "Myanmar's Observations on the report entitled 'Situation of Human Rights in Myanmar'," 15 March 2024.